မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်သည် အသက်တမျှ အရေးပါ၊ ယင်းမဏ္ဍိုင်သုံးရပ်ပေါ်တွင် အခြေခံပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် တည်ဆောက်နေရခြင်းဖြစ်၊ ဤမဏ္ဍိုင်သုံးရပ် အခြေခိုင်မာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ကျစ်လျစ် တောင့်တင်းခိုင်မာပြီး ယင်းမဏ္ဍိုင်သုံးရပ် ချို့ယွင်း အားနည်းလာပါက နိုင်ငံတော်သည် ယိုယွင်း အားနည်းပြီး အချုပ်အခြာအာဏာပါ လက်လွှတ်ဆုံးရှုံးသွားနိုင်။

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုရှိမှသာ လုံခြုံအေးချမ်းမှုရှိမည်
လုံခြုံအေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်နိုင်မည်

ဥပဒေအရာရှိများသည် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်
နိုင်ငံတော်နှင့်ပြည်သူများ အားကိုးလောက်သူများအဖြစ် ခိုင်မာစွာ ရပ်တည်နေထိုင်
နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေး စွမ်းစွမ်းတမံ ပါဝင်ဖော်ဆောင်

နေပြည်တော် မေ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယတရားသူကြီးချုပ်များနှင့် ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မေ ၁၂ ရက်)

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး လမ်းမကြီးများ၊ တံတားများ ကွန်ရက်သဖွယ် တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကြိုးပမ်းအကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ရထားလမ်းအသစ်များ တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လမ်းမကြီးများအဖြစ် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်း၊ ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ပြင်ဦးလွင်ဖြတ်လမ်း၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းများ ဖောက်လုပ်ရန်ရှိပြီး ကသာ-ဗန်းမော် ရထားလမ်း၌ ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)စီမံကိန်း၊ ရခိုင်ပြည်နယ် စစ်တွေ-အမ်း-မင်းဘူးရထားလမ်း၌ သယု(ပဲပဒို)တံတား တည်ဆောက်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဝင်လမ်းမကြီးငါးခုအဖြစ် လမ်းအရှည် ၅၁မိုင် ၅ဖာလုံရှိ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းကို (ဂဝံလမ်းအဆင့်မှ ကတ္တရာလမ်း) အဆင့်မြှင့်ဖောက်လုပ်သွားမည် ဖြစ်သည်။

လမ်းသစ်တစ်ခုအဖြစ် တိုးချဲ့ဖောက်လုပ်မည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းအရှည် ၃၈မိုင် ၅ဖာလုံရှိပြီး ဖောက်လုပ်ပြီးစီးသွားပါက ပင်လယ်ကမ်းရိုးတန်းဒေသများသို့ သွားရောက်ရာတွင် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့မည်ဖြစ်ပြီး ဒေသခံပြည်သူများ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအမျိုးမျိုးကို အချိန်မီကာကွယ်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းသစ်ကို ဖောက်လုပ်သွားမည်ဖြစ်ပြီး ယင်းလမ်းကြီး ပြီးစီးပါက နေပြည်တော်မှ မကွေးသို့ လက်ရှိအသုံးပြုနေသောလမ်းများထက် တောင်တက်တောင်ဆင်းနည်းပြီး ခရီးမိုင်သက်သာသွားမည့်အပြင် လမ်းသစ်ဝန်းကျင်ရှိဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

အထက်မြန်မာပြည်တွင် ဧရာဝတီမြစ်ကို အရှေ့နှင့်အနောက် ဖြတ်ကျော်မည့်ရထားလမ်းနှင့် ကားလမ်းတံတားအသစ်မှာ ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)ဖြစ်သည်။ ဤတံတားသစ်ပေါ်ထွန်းလာပါက ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့တို့မှ အခြားပြည်နယ်နှင့်တိုင်းများသို့ ချောမွေ့လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် လမ်းများ၊ တံတားများ ကွန်ရက်သဖွယ် ယှက်နွယ်တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက် စည်ပင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၀ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၄။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၂)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ် ရူးစံပြကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ မေ ၉ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် အမ်းမြို့နယ် ရူးစံပြကျေးရွာသို့ အသွား ရေယာဉ်ပေါ်၌ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရူးစံပြကျေးရွာ၌ ဒေသခံများနှင့် တွေ့ဆုံ၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ ဇီဝဘက်ထရီနှင့် နေရောင်ခြည်စွမ်းအင်သုံး မီးအလင်းရရှိနိုင်မှုများကို ရှင်းလင်းပြသကြသည်။

အလှူငွေများပေးအပ်

ယင်းနောက် ကျေးရွာများအတွက် အဝတ်အထည်များ၊ LED မီးချောင်းနှင့် ဘိုင်အိုဘက်ထရီအစုံ ၄၀၀၊ နေရောင်ခြည်စွမ်းအင်သုံး Solar ဘက်ထရီနှစ်စုံ၊ ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဆေးဝါးပစ္စည်းများ၊ ဂျာနယ်စာစောင်များ၊ ရူးစံပြကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် အလှူငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရူးစံပြကျေးရွာရှိ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေး၍ ကဇုကိုင်းကျေးရွာ အေးမေတ္တာရိပ် ကျေးလက်စာကြည့်တိုက် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ကဇုကိုင်းကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် အဝတ်အထည်များ၊ LED မီးသီးများနှင့် ဘိုင်အိုဘက်ထရီများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်စာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များ၊ ကျေးလက်ဆေးပေးခန်းအတွက် ဆေးဝါးပစ္စည်းများကို တိုင်းမှူးနှင့် ဝန်ကြီးတို့က ပေးအပ်ကြသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ရှခင်းသာပန်းခြံအနီးလမ်းဆုံတွင် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၁၃-၅-၂၀၀၉)

- ၀၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၀၇း၁၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၀၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၀၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၀၈း၀၀ စံတော်ချိန် + သတင်း
- ၀၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၀၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင် တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ(၄၈) နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ပန်းကလေးရဲ့ ဒဏ္ဍာရီ)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး (အရည်အသွေးက နေရာတိုင်းမှာ လိုအပ်တယ်)
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကုလားပဲသုပ်)
- ၁၇း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၄၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပြင်ပလောကမှ မရနိုင်သော စာပေရသများ)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၀၅ ညနေခင်းတေးပဒေသာ
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (သာမောဖွယ်ရာ တိုလယ်ယာ)
- ၁၈း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုးမိုးကြည်)
- ၁၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ကာလပေါ်တူရိယာအဖွဲ့ (အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့) စီးပွားရေးဦးတည်ချက်
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ကြက်သွန်ဖြူ)
- ၂၁း၀၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ လူမှုရေးဦးတည်ချက်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

လူငယ်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Pride International Education Centre တို့မှ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် လူငယ်တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို မေ ၉ရက် မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

လှူဒါန်း

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုချီးမြှင့်ပြီး ဦးထွန်းရွှေ၊ ဒေါ်ထွေးထွေး(PIEC)မှ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ရန်ပုံငွေကျပ်နှစ်သိန်း လှူဒါန်းသည်။

ဆုချီးမြှင့်

စီနီယာတံခွန်စိုက်ပြိုင်ပွဲတွင် ပထမ ဦးထွန်းထွန်း၊ ဒုတိယ ဦးတင်မောင်လွင်၊ တတိယ ဦးခင်မောင်သက်၊ အသက် ၂၀ အောက် လူငယ်ပြိုင်ပွဲတွင် ပထမ ဝင်းထွန်းထွေး၊ ဒုတိယ သုတဦး၊ တတိယ အောင်ကိုကို၊ အသက် ၁၆နှစ်အောက် လူငယ်ပြိုင်ပွဲတွင် ပထမ ဖြိုးစည်သူ၊ ဒုတိယ နန်းထက်ဝတ်ရည်၊ တတိယ တင်ထွဋ်ကျော်၊ အသက် ၁၂နှစ်အောက် လူငယ်ပြိုင်ပွဲတွင် ပထမ မလင်းထက်ထက်ဦး၊ ဒုတိယ ထိပ်တင်မင်းပိုင်၊ တတိယ ဒီခွန်ဇော်၊ အသက် ၁၀နှစ်အောက် လူငယ်ပြိုင်ပွဲတွင် ပထမ မထက်ထက်သန်းစိန်၊ ဒုတိယ ကီကီ၊ တတိယ ကောင်းမြတ်ဇော်တို့က ဆုများအသီးသီး ရရှိကြောင်း သိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

* *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရသည် မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ရည်မှန်းကြိုးစားပြီး နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အသက်တမျှအရေးပါ

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်သည် အသက်တမျှ အရေးပါလှကြောင်း၊ ယင်းမဏ္ဍိုင်သုံးရပ်ပေါ်တွင် အခြေခံပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် တည်ဆောက်နေရခြင်းဖြစ်ကြောင်း၊ ဤမဏ္ဍိုင်သုံးရပ် အခြေခိုင်မာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ကျစ်လျစ်တောင့်တင်းခိုင်မာပြီး ယင်းမဏ္ဍိုင်သုံးရပ် ချို့ယွင်းအားနည်းလာပါက နိုင်ငံတော်သည် ယိုယွင်းအားနည်းပြီး အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်သည့် အခြေအနေမျိုးအထိ ရောက်ရှိသွားနိုင်သည်ဆိုသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ဤခက်မသုံးဖြာတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့သည် အရေးကြီးသကဲ့သို့ တရားရေးမဏ္ဍိုင် ခိုင်မာရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဖြစ်ကြောင်း၊ ယင်းစည်းမျဉ်းစည်းကမ်းကို နိုင်ငံသားတိုင်း လေးစားလိုက်နာအောင် အုပ်ချုပ်ရေးအပိုင်းက ကြပ်မတ်ဆောင်ရွက်ပေးရကြောင်း။

အဓိကအရေးကြီး

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုရှိမှသာ လုံခြုံအေးချမ်းမှုရှိမည်ဖြစ်ပြီး လုံခြုံအေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ဥပဒေဝန်ထမ်းများနှင့် တရားရေးဝန်ထမ်းများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိက အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သူများဖြစ်သည်ဟု ခံယူထားကြစေလိုကြောင်းကို ပြောကြားလိုကြောင်း။

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများအနက် ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဥပဒေအရာရှိများသည် ဥပဒေမူကြမ်းများ၊ နည်းဥပဒေမူကြမ်းများကို စိစစ်ရေးဆွဲပေးသောတာဝန်ကို ထမ်းဆောင်ရသည့်အပြင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ်ပြီး အစိုးရဌာနအဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်းကိုလည်း ဆောင်ရွက်ကြရကြောင်း၊ အမှုလိုက်နှင့် တရားစွဲလုပ်ငန်းတာဝန်များ၊ စီမံရေးရာတာဝန်များလည်း ဆောင်ရွက်ကြရကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအဆင့်ဆင့်များတွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် အစိုးရဌာနအဖွဲ့အစည်းများပါဝင်သည့် တရားမမှုများကို တရားရုံးက စစ်ဆေးစီရင်ရာ၌ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ရခြင်း၊ တရားမစွဲဆိုမီ အမှုတည်ဆောက်မှုခိုင်မာရေးအတွက် အကြံဉာဏ်ပေးခြင်း၊ တရားစွဲတင်ပို့မည့် ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲတင်ရာတွင် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း စသော တာဝန်များ၊ စီမံရေးရာနှင့် ဝန်ထမ်းရေးရာကိစ္စများကိုလည်း ဆောင်ရွက်ကြရကြောင်း။

ဥပဒေများနှင့်အညီဆောင်ရွက်

ဥပဒေအရာရှိများသည် ယင်းတာဝန်များကို ဆောင်ရွက်ရာတွင် ၂၀၀၁ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ၊ ရှေ့နေချုပ်နည်းဥပဒေများ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရကြောင်း၊ ဥပဒေအရာရှိများသည် အုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေးယန္တရားများ မှန်မှန်ကန်ကန် အဆင်ပြေချောမွေ့စွာ လည်ပတ်နေရန် ပါဝင်ဆောင်ရွက်ကြရသည်ကို တွေ့ရသကဲ့သို့ ဥပဒေပြုရေးကဏ္ဍတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

တရားရုံး၏ စီရင်ချက်၊ အမိန့်(သို့မဟုတ်)ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ယူဆပါက ပြင်ဆင်မှု(သို့မဟုတ်)အယူခံမှုတင်သွင်းခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြကြောင်း။

ယင်းတာဝန်များအပြင် တရားစွဲ အဖွဲ့အစည်းများက လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်းပြီး အမှုပြီးပြတ်ချက် အစီရင်ခံစာများကို ရှေ့နေချုပ်ရုံးကို ပေးပို့လာသည့်အခါ ပြင်ဆင်မှု၊ အထွေထွေမှုများ တင်သွင်းသင့်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ တရားရုံးကို ဆက်လက်လျှောက်ထားရသော တာဝန်များလည်းရှိကြောင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် ဥပဒေအရာရှိများသည် ၂၀၀၁ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ၊ ရှေ့နေချုပ်နည်းဥပဒေများနှင့် အခြားတည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် တာဝန်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်တည့်မတ်စွာဆောင်ရွက်မှ တရားစီရင်ရေးယန္တရား မှန်ကန်ချောမွေ့စေမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြမှသာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်စောင့်ရှောက်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်မည်ဖြစ်ကြောင်း။

အလေးဂရုပြု

အမှုလိုက်ပါဆောင်ရွက်ရာတွင် အမှန်တရားပေါ်ပေါက်ရန်၊ တရားခံကျူးလွန်သည့် ပြစ်မှုနှင့်အညီ ပြစ်ဒဏ်ရရှိရန်၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပစ္စည်းများမဆုံးရှုံးစေရန် စသည့် ဦးတည်ချက်များကို အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းသို့ဆောင်ရွက်ကြရာ၌ ဥပဒေအရာရှိများသည် အဂတိတရားကင်းကင်းဖြင့် ပြည်သူများအပေါ်တွင် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် တရားစွဲ အဖွဲ့အစည်းနှင့် တရားရုံးအကြား၌ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အမှန်တရားပေါ်ပေါက်ရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသော အဖွဲ့အစည်းအဖြစ်ခံယူပြီး ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

ထို့ကြောင့် အမှန်တကယ် ပြစ်မှုကျူးလွန်သူ ထိုက်သင့်သော ပြစ်ဒဏ်ရရှိရန်၊ ပြစ်မှုမကျူးလွန်သည့်သူကိုလည်း တရားစွဲခံရခြင်းနှင့် အချုပ်အနှောင်ခံရခြင်းမျိုးမခံရရန် ဥပဒေ၏ အကာအကွယ်ဖြင့် အကျိုးသက်ရောက်မှုရရှိစေရန် ဖော်ဆောင်ပေးသူများအဖြစ် မွန်မွန်မြတ်မြတ်ခံယူပြီး သိက္ခာရှိစွာ ဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

အစဉ်အမြဲလေ့လာ

နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက် ဖော်ဆောင်သော ဥပဒေအရာရှိများအဖြစ် ဆောင်ရွက်နိုင်ရန်၊ ဥပဒေအသိပညာများကို ခေတ်နှင့်တစ်ပြေးညီ ကျွမ်းကျင်လိမ္မာစွာ နားလည်တတ်ကျွမ်းအောင် အစဉ်အမြဲလေ့လာနေရန် လိုအပ်ကြောင်း။

ဥပဒေများကိုကျင့်သုံးရာတွင် ဥပဒေများ၏ ရည်ရွယ်ချက်နှင့်အညီ ကျူးလွန်သည့် တရားခံအပေါ် ထိုက်သင့်သော ပြစ်ဒဏ်ရရှိရေးတွင်သာ တာဝန်ရှိသည်သာမက တရားခံကျူးလွန်သည့် ပြစ်မှုအလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၌ ပြဋ္ဌာန်းထားသော အတိုင်း သက်သေခံပစ္စည်းများကို လိုအပ်သကဲ့သို့ စီမံခန့်ခွဲနိုင်ရေးအတွက် တရားရုံးက ပြည့်ပြည့်စုံစုံ ထည့်သွင်းအမိန့်ချမှတ်နိုင်စေရန်၊ ဥပဒေအရာရှိများ၏ လျှောက်လဲချက်များတွင် ဥပဒေ၊ နည်းဥပဒေ အကိုးအကားများကို နိုင်ငံတော်ကိုယ်စား ပြည့်ပြည့်စုံစုံ တင်ပြပေးရန် အထူးလိုအပ်ကြောင်း။

ယင်းသို့ ဥပဒေအရာရှိများက ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ရန် ဥပဒေအရာရှိများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်နေရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာန စသော တရားစွဲ အဖွဲ့အစည်းအဆင့်ဆင့်ကလည်း ဥပဒေအရာရှိများနှင့် မှန်ကန်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥပဒေအရာရှိများ၏ အကြံပြုချက်များကို အလေးနက်ထားပြီး အမှုခိုင်မာအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရန်လည်း မှာကြားလိုကြောင်း။

ဦးထိပ်ထား

ဥပဒေရေးဆွဲရေး တာဝန်ထမ်းဆောင်နေကြသည့် ဥပဒေအရာရှိများသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာမူကြမ်းများ ရေးဆွဲခြင်း၊ စိစစ်ခြင်း၊ ဘာသာပြန်ဆိုခြင်း စသည်များကို ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အခြေခံမူများနှင့်အညီ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် အစဉ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ စာချုပ်စာတမ်းများ၊ နှစ်နိုင်ငံချုပ်ဆိုမည့် စာချုပ်စာတမ်းများနှင့် စီးပွားရေးစာချုပ်စာတမ်းများကို စိစစ်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ကြရာတွင် ဥပဒေအရာရှိများသည် ပြည်တွင်းဥပဒေများကိုသာမက အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကိုပါ နှံ့နှံ့စပ်စပ် ကျွမ်းကျင်လိမ္မာစွာလေ့လာပြီး နိုင်ငံတော်၏အကျိုးကို ဦးထိပ်ထားပြီး အကြံဉာဏ်ပေးကြရန် မှာကြားလိုကြောင်း။

တိတိကျကျလိုက်နာ

ဆက်လက်ပြီး ပြောကြားလိုသည်မှာ ဥပဒေအရာရှိများသည် ဥပဒေဆိုင်ရာ နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများ ထာဝစဉ်လိုက်နာအပ်သော ကျင့်ဝတ်နှင့် စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အဆိုပါကျင့်ဝတ်နှင့် စည်းကမ်းများမှာ-

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း။
(၂) ဥပဒေကို လေးစားလိုက်နာခြင်း။
(၃) အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ငန်းဆိုင်ရာစည်းကမ်းများကို လေးစားလိုက်နာခြင်း။
(၄) ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားခြင်း။
(၅) တာဝန်နှင့် ဝတ္တရားများကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်း။
(၆) စွမ်းရည်တိုးတက်မြင့်မားစေရန် အစဉ်ဆည်းပူးအားထုတ်ခြင်း။
(၇) မိမိလက်အောက်ငယ်သားများ၏ စွမ်းရည်တိုးတက်မြင့်မားလာစေရန် ကြိုးစားဆောင်ရွက်ပေးခြင်း။
(၈) ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း။
(၉) တံစိုးယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်အလျောက် အပ်နှင်းထားသည့် အာဏာကို အလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှုတို့ကို ရှောင်ကြဉ်ခြင်း။
(၁၀) အကျင့်စာရိတ္တပျက်ပြားမှု၊ သိက္ခာကင်းမဲ့စွာ နေထိုင်မှုတို့ကို ရှောင်ကြဉ်ခြင်း။
(၁၁) နိုင်ငံတော်၏ ဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း။
(၁၂) ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်းတို့ဖြစ်ကြောင်း။

ခြိုးခြိုးခြံခြံသုံးစွဲ

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ခြိုးခြိုးခြံခြံ သုံးစွဲရန် မှာကြားလိုကြောင်း။

အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ၂၀၀၈ ခုနှစ်၊ မေလအတွင်းက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဥပဒေအရာရှိများသည် ယခုပြဋ္ဌာန်းပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကျွမ်းကျွမ်းကျင်ကျင် လေ့လာသိရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ဥပဒေအရာရှိများအနေဖြင့် ဥပဒေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဥပဒေအရာရှိများသည်-

(၁) နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြပါ။
(၂) နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ရိုးသားဖြောင့်မတ်စွာဖြင့် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို စည်းကမ်းရှိရှိ၊ တာဝန်သိသိဖြင့် သိက္ခာသမာဓိရှိစွာ ကျေပွန်အောင် ဆောင်ရွက်သွားကြပါ။
(၃) ဥပဒေစွမ်းရည်များ အစဉ်ထက်မြက်စေရန် အမြဲမပြတ် ဆည်းပူးလေ့လာကြပါ။
(၄) နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထားပြုလောက်သော ဥပဒေအရာရှိများအဖြစ် ခိုင်မာစွာ ရပ်တည်နေထိုင်သွားကြပါ။
(၅) မိမိကို အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဂတိတရားကင်းရှင်းစွာဖြင့် တိတိကျကျ၊ လျင်လျင်မြန်မြန်၊ ထက်ထက်မြက်မြက် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ၂၀၀၈ ခုနှစ်၊ မေလအတွင်းက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်၊ ဥပဒေအရာရှိများသည် ယခုပြဋ္ဌာန်းပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကျွမ်းကျွမ်းကျင်ကျင်လေ့လာသိရှိရန် လိုအပ်၊ သို့မှသာ ဥပဒေအရာရှိများအနေဖြင့် ဥပဒေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကောင်း၊ ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ကြမည်ဖြစ်။

ဆွတ်တောင်ကြားမှ အရပ်သားများ ထွက်ခွာနိုင်ရန် အိမ်ပြင်မထွက်ရ အမိန့်ခေတ္တရုပ်သိမ်းပေး

အစ္စလမ္မာဘတ် မေ ၁၁

ဆွတ်တောင်ကြားတွင်ပိတ်မိနေသော အရပ်သားများ ပဋိပက္ခဖြစ်နေသည့်ထိုဒေသမှ ထွက်ပြေးနိုင်ရန်အတွက် ပါကစ္စတန်အစိုးရက အိမ်ပြင်မထွက်ရအမိန့်ကို ခေတ္တရုပ်သိမ်းလိုက်သည်။ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ရုပ်သိမ်းသည့် အိမ်ပြင်မထွက်ရအမိန့် ရုပ်သိမ်းပေးလိုက်ခြင်းဖြင့် ဒေသခံပြည်သူများ ဒေသကိုကျောခိုင်းထွက်ပြေးရန် အချိန် ၇ နာရီရရှိသွားသည်။

အိမ်ပြင်မထွက်ရ အမိန့်ကြောင့် ထောင်ပေါင်းများစွာသော ဒေသခံများ တိုက်ပွဲမှ တိမ်းရှောင်ထွက်မပြေးနိုင်ဘဲ ၎င်းတို့၏နေအိမ်အတွင်း၌ပင် နေထိုင်ခဲ့ကြရသည်။

အိုးအိမ်စွန့်

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ တစ်သန်းခန့် အိုးအိမ်စွန့်ခွာထွက်ပြေးကြသည်။

ဖော်ပြ

ယခုအခါ အိမ်ပြင်မထွက်ရ အမိန့် ရုပ်သိမ်းပေးခြင်းဖြင့် လာမည့်ရက်များအတွင်း အစိုးရတပ်နှင့် တာလီဘန် သူပုန်တို့ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားရမည့် လက္ခဏာဖြစ်သည်ဟု ရိုက်တာကဖော်ပြသည်။

အမ်အင်န်အေ၊ ရိုက်တာ



တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တွင် သွင်းကုန်ထုတ်ကုန် ကုန်စည်ပြပွဲ ကျင်းပလျက်ရှိသည်ကို မေ ၁၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ အမေရိကန်ကျူးကျော်ပြီးနောက် မူးယစ်ဆေးဝါးထုတ်လုပ်မှု အဆ ၄၀ ပိုလာ

တီဟီရန် မေ ၁၁

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ၂၀၀၁ခုနှစ်က အမေရိကန်တပ်များ ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ အဆ၄၀ ပိုများလာကြောင်း အီရန်ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ယခုနှစ် ဘိန်း စိုက်ပျိုးမှုမှာ စံချိန်အားလုံးကို ချိုးလိုက်ကြောင်း ၎င်းတို့က ပြောကြားသည်။

ယူဆရ

မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ဘိန်းကုန်သွယ်ရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးလာသောဈေးကွက် ပေါ်ပေါက်လာရခြင်း၏ နောက်ကွယ်တွင် အမေရိကန်တပ်များ ကျူးကျော်ပြီးနောက် မတည်မငြိမ်ဖြစ်မှုမှာ အဓိကအကြောင်းရင်းဖြစ်သည်ဟု ယူဆရသည်။ ကမ္ဘာ့ဘိန်းဖြူဖြန့်ဖြူးမှု၏ သုံးပုံနှစ်ပုံမှာ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်နှင့် ကန်ဒါဟာပြည်နယ်များမှ ထွက်သည့် ဘိန်းဖြူများဖြစ်သည်။

(အင်တာနက်)

ရေနံပိုက်လိုင်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဒါဟူ့စ်မြို့ရှိ ရေနံပိုက်လိုင်းများအား ဝန်ထမ်းနှစ်ဦး စစ်ဆေးနေသည်ကို မေ ၁၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ဘက် နန်ဂါဟာပြည်နယ်တွင် အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၀ ရက်က တွေ့ရစဉ်။ (ယင်းဗုံး ပေါက်ကွဲမှုကြောင့် အရပ်သားရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

လက်ပစ်ဗုံးပစ်မှုဖြင့် သံသယရှိသူအီရတ်လူငယ်အား အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်သတ်

ဘဂ္ဂဒက် မေ ၁၁

အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့အား လက်ပစ်ဗုံးဖြင့်ပစ်သူအဖြစ် သံသယရှိသောကြောင့် ၁၂ နှစ်အရွယ် အီရတ်လူငယ်တစ်ဦးအား ပစ်သတ်လိုက်ကြကြောင်း အမေရိကန်စစ်ဘက်က မေ၉ရက်တွင် ကြေညာသည်။ သူပုန်များက ကလေးများကို ငွေပေး အသုံးချနေကြောင်း ယုံကြည်ရသည်ဟုလည်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

သို့သော် အမည်မဖော်လိုသည့် အီရတ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်ကမူ သေဆုံးသူ အိုမာမူဆာဆာလီမှာ လက်ပစ်ဗုံးခွဲရာတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ပြောကြားသည်။

ပြောကြား

အီရတ်နိုင်ငံ အနောက်ပိုင်း မိုဆူးလ်မြို့အတွင်း အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များမှာ မေ၇ရက်က လက်ပစ်ဗုံးခွဲ တိုက်ခိုက်ခံရကြောင်း အီရတ်ရှိ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဒဲရစ်က ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ပါလက်စတိုင်း အုပ်စုတွင်း ဆွေးနွေးမှု အောင်မြင်ရေး အမေရိကန်စွက်ဖက်မှု ရပ်ဆိုင်းရန်လို

ဂါဇာ မေ ၁၁

အီဂျစ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့် ပါလက်စတိုင်းအုပ်စုတွင်း တွေ့ဆုံဆွေးနွေးမှုအောင်မြင်ရေးမှာ အမေရိကန်စွက်ဖက်မှု ရပ်ဆိုင်းခြင်းအပေါ်တွင် မူတည်ကြောင်း အစ္စလမ္မစ် ဟားမတ်စ်အုပ်စုက မေ ၉ ရက်တွင် ပြောကြားသည်။

ပယ်ချ

ဟားမတ်စ်အုပ်စုအနေဖြင့် အစ္စရေးနိုင်ငံကို အသိအမှတ်ပြုပြီး အကြမ်းဖက်မှုကို စွန့်လွှတ်ရန် နိုင်ငံတကာတောင်းဆိုမှု လက်ခံရေး ကြိုးပမ်းသည့် အမေရိကန် ကြားဝင်ဆောင်ရွက်ခြင်းကို ဟားမတ်စ် ထိပ်တန်းခေါင်းဆောင် ဆာလာအယ်ဘာဒါဝီက ပယ်ချသည်။

ထောက်ခံ

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အမေရိကန်ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံနေသည်ဟုလည်း ဆာလာအယ် ဘာဒါဝီက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မိုဂါဒစ်ရှူးမြို့၌ တိုက်ပွဲများဆက်ဖြစ်နေ အရပ်သားများအပါအဝင် သေဆုံးသူများပြား

မိုဂါဒစ်ရှူး မေ ၁၁

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြားတွင် အရပ်သားအများအပြား အပါအဝင်လူအများ သေဆုံးကြရသည်။

ဆက်လက်ဖြစ်ပွား

မြို့တော်၏ ယာရှစ်ဒေသ၊ ဆီဂါကာ ဒေသနှင့်မြို့လယ်ပိုင်းဒေသများ၌ အများဆုံး ရှိသည့်စခန်းများထိန်းချုပ်ရေးအတွက် သူပုန်များနှင့်အစိုးရလိုလားသည့် တပ်များ တတိယနေ့အဖြစ် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထောက်ခံ

မေ ၉ရက် စောစောပိုင်းက တိုက်ပွဲများ ထပ်မံဖြစ်ပွားပြီးနောက် တိုက်ပွဲဖြစ်ပွားသည့်ဇုန်များအတွင်းတွင် အနည်းဆုံး သေဆုံးသူ ၁၀ ဦး တွေ့ရှိပြီး အများစုမှာ အရပ်သားများဖြစ်ကြောင်း ဒေသခံမျက်မြင်တွေ့ရှိသူများက ပြောကြားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

(အင်တာနက်)

ဖိလစ်ပိုင်အလှမယ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၀၉ ခုနှစ် ဖိလစ်ပိုင်အလှမယ်အဖြစ် ရွေးချယ်ခံရသည့် အလှမယ်တစ်ဦးအား မေ ၁၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် မောင်းသူမဲ့ လေယာဉ်များလက်ချက် ပါကစ္စတန်၌ ၁၀ ဦး သေဆုံး

အစ္စလမ္မာဘတ် မေ ၁၁

ပါကစ္စတန်နိုင်ငံ တောင်ဝဇီရစ္စတန် ဒေသတွင် မေ ၉ရက်က အမေရိကန် မောင်းသူမဲ့ လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ၁၀ဦးအထိ သေဆုံးရကြောင်း ပုဂ္ဂလိက ရုပ်မြင်သံကြား၌ာန ဂျီအိုက ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်လျက်ရှိသော တောင်ဝဇီရစ္စတန်ဒေသရှိ နေအိမ်တစ်လုံးနှင့်ကျောင်းတစ်ကျောင်းကို အမေရိကန်မောင်းသူမဲ့ လေယာဉ်များက ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးသူရှစ်ဦးကို အုတ်ကျိုးအုတ်ပဲ့များကြားမှ ဆွဲထုတ်ယူခဲ့ရပြီး အခြားဒဏ်ရာ ရသူနှစ်ဦးကို ဆေးရုံသို့တင်ပို့လိုက်သော်လည်း ထိုဒဏ်ရာနှင့်ပင် သေဆုံးသွားကြသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆီဆိုင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၉ရက် နံနက်ပိုင်းက ဆီဆိုင်မြို့နယ် ဘန်းယဉ်တပ်နယ်အောင်ဆန်းခန်းမ၌ အရာရှိစစ်သည်နှင့် တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဘန်းယဉ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာဥက္ကဋ္ဌက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက ဟုံပုံး-ဆီဆိုင်လမ်း လမ်းပိုင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဇီဝဘက်ထရီကို အသုံးပြု၍ လျှပ်စစ်မီးထုတ်လုပ်အသုံးပြုပုံကို ရှင်းလင်းပြသပြီး လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဘန်းယဉ်တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် မြတ်ရတနာ စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး သရက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ ခြံပိုင်ရှင်က သရက်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များမှာကြားကာ ရော်ဘာစိုက်ခင်းနှင့် ကြံစိုက်ခင်းများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဆီဆိုင်တပ်နယ်ခန်းမသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် တပ်နယ်မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဆီဆိုင်မြို့နယ် ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်သူ့ဆေးရုံ

ထိုမှတစ်ဆင့် ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဆေးရုံအတွက် ဆေးဝါးများနှင့် ဆေးပဒေသာပင်ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံရှိ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် ကော့မှူးမြို့နယ် ထမနိုင်လမ်းပေါ်ရှိ လက်ခတ်မြောင်းတံတား ကြံ့ခိုင်မှုအခြေအနေ၊ လက်ခတ်မြောင်း ပြန်လည်တူးဖော်ဆောင်ရွက်မည့် အခြေအနေနှင့် ကော့မှူး-ထမနိုင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ထမနိုင် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး ဝါးဘလောက်သောက်ကျေးရွာသို့ ရောက်ရှိ၍ ထမနိုင်-ဝါးဘလောက်သောက် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံ၌ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လက်ခုပ်ကုန်းကျေးရွာ Cyclone Shelter တည်ဆောက် ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပံ့ပိုးပေးကာ ဇီဝဘက်ထရီများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးတွင် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မေတ္တာစံပြကျေးရွာသစ် တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနများအလိုက် ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့်(မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်းရေးရာနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်၊ တိုင်းပြတိုက်နှင့် စာကြည့်တိုက် တာဝန်ခံအရာရှိများ၊ ဌာနခွဲ/ဌာနစု တာဝန်ခံအရာရှိများက အထွေထွေကိစ္စများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်အုန်း၊ တောအုပ် ဦးမျိုးမြင့်ဦးနှင့် နယ်မြေဝန်ထမ်းများ မေ၇ရက်က စစ်ပင်ကွင်းကျေးရွာတွင် တစ်ရွာတစ်ဧကသစ်တော စိုက်ခင်းများ တည်ထောင်စိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့် ပန္နက်ရိုက်ခြင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

မြစ်ကြီးနား၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား မေ ၁၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြ၊ ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများကို စီမံချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်းခိုင် ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အဖွဲ့ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၁၂ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူးဦးခင်မောင်မြင့်တို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်း၌ ကျေးရွာတိုင်း မီးလင်းရေး သရုပ်ပြရှင်းလင်း

မိုးညှင်း မေ ၁၁

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာတိုင်း မီးလင်းစေရေးအတွက် တာရှည်အသုံးခံသည့် ဘိုင်အိုဘက်ထရီ အသုံးပြုနည်း သရုပ်ပြရှင်းလင်းပွဲအခမ်းအနားကို ဧပြီ၂၃ရက် မွန်းတည့်၁၂နာရီက မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဘိုင်အိုဘက်ထရီ အသုံးပြုနည်းစနစ်များကို လက်တွေ့ရှင်းလင်းပြသသည်။ ယင်းနောက် အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီးဒေါက်တာ နေလင်းဇော်က ဘိုင်အိုဘက်ထရီ အသုံးပြုနည်းစနစ်များနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကာမိုင်း၌ နှစ်ရှည်ပင်များ ကိုင်းဖြတ်ပြုပြင်

ကာမိုင်းမြို့ ဗိုလ်တေဇလမ်းပေါ်ရှိ နှစ်ရှည်ပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများဖြင့် ဧပြီ ၂၇ ရက်က လမ်းဘေးဝဲ/ယာတစ်လျှောက် ကိုင်းဖြတ်ပြုပြင်ခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ရာသို့ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးမိုးလွင် ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

မိုးကောင်း၌ ပန်းအလှပင် စုပေါင်းစိုက်ပျိုး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဧပြီ ၂၃ ရက်က မရမ်းစံပြကျေးရွာအုပ်စု အဝင်လမ်းဘေး၌ မြေယာရှုခင်း အလှပြုပြင်ခြင်းနှင့် ပန်းအလှပင်စိုက်ပျိုးခြင်း လုပ်ငန်းများစုပေါင်းဆောင်ရွက်ကြသည်။ **(၀၀၁)**

ကျောက်မဲမြို့ အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော အမှတ်(၇) ရပ်ကွက် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အမှုဆောင်အရာရှိ ဦးဝင်းကိုကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(မြို့နယ်စည်ပင်)

တောင်သာ၌ နှမ်းစပါးလျာထားချက်ပြည့်မီရေး ဆွေးနွေး

တောင်သာမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီ၏ အစီအစဉ်နှင့် နွေစပါး ၂၅၇၃ ဧက လျာထားအကောင်အထည်ဖော်ရာ ဧက ၂၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်၍ ဧပြီ ၁၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေ ဦးဆောင်သော စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့သည် ကျောဇီ၊ တစ်မိုက်သာ၊ မြစ်ကြို မြစ်နှင့်အိုးဘိုကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ နွေစပါးလျာထားချက်ပြည့်မီရေး စပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

(၀၉၂)

ဟုမ္မလင်း၌ ရှေးဦးသူနာပြုသင်တန်းဆင်း

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကြက်ခြေနီအသင်းက ဖွင့်လှစ်သော ကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက တောင်းကင်းအုပ်စု အခြေခံပညာတွဲဖက် အလယ်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညွန့်ဇော်တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းမှူး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမျိုးသန့်က သင်တန်းသုံးသပ်ချက်ကို ဆွေးနွေးတင်ပြကာ သင်တန်းတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့၌ သက်ကြီးဘိုးဘွားများပူဇော်

ခင်ဦးမြို့ မြို့လယ်မွှော်ရုံ၌ သက်ကြီးဘိုးဘွားပူဇော်ပွဲကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်မြို့ပေါ်လေးရပ်ကွက်မှ ဥက္ကဋ္ဌများတက်ရောက်ကြပြီး အသက် ၈၀နှင့်အထက် ဘိုးဘွား ၈၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ကြသည်။ **(၁၈၂)**

သီးနှံ လျာထားချက်ပြည့်မီရေး ဆင်ဘို၌ ဆွေးနွေး

ကချင်ပြည်နယ် ဆင်ဘိုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က မြို့အတွင်း ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးရေး၊ အခြားစီးပွားဖြစ်ကိန်းဝင်သီးနှံများကိုလည်း လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိအခမဲ့ကုသပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီပေါသီတဂူစက္ခုဆေးရုံတွင် (၇)ကြိမ်မြောက်အဖြစ် မတ် ၂၅ရက်မှ ၃၁ရက်အထိ မျက်စိဝေဒနာရှင် ၅၇၆ဦးကို စမ်းသပ်ပြီး ၁၅၀ကို အခမဲ့ခွဲစိတ်ကုသပေးကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

အမျိုးသမီး အကြိုအခြေခံမီးသတ်ပညာ သင်တန်းဆင်း

အမျိုးသမီး အကြိုအခြေခံမီးသတ်ပညာ (လက်နက်ပါ) သင်တန်းအမှတ်စဉ် (၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၉ရက် နံနက် ၉နာရီက တန့်ဆည် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲအုပ်ဝင်းဗိုလ်တင့်က သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် အမှတ်(၁)ခေတ်မီနှစ်ထပ်ဈေး တည်ဆောက်မှုလုပ်ငန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၈ရက် နံနက်ပိုင်းက နယ်မြေခံစစ်မြေပြင် ဆေးတပ်ရင်း၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသော စစ်သည်ရဲမေ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

အားပေးစကား

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ အမှတ်(၁) ခေတ်မီနှစ်ထပ်ဈေးသစ် တည်ဆောက်မှု လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ခေတ်မီနှစ်ထပ်ဈေးသစ် ပုံစံငယ်နှင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်း ရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)



လျှပ်စစ်မြစ်ရေတင်နှင့် ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်း

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေသည် ဧပြီ ၃၀ရက်က ညောင်ဦးမြို့နယ် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ သူကောင်းတည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ငါ့သရောက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် ညောင်ဦးမြို့နယ် သမဝါယမအသင်းလီမိတက်၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာရှိ တောင်သူဦးအောင်မောင်း၏ နွေစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

ရွှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရုံးအဖွဲ့မှူးဦးဝီရှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရှေ့နေချုပ်ဦးအေးမောင်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၉ခုနှစ်အတွက် စီမံထူးချွန်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူများ၊ ၂၀၀၈ခုနှစ်အတွက် စီမံထူးချွန် တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသူများ၊ ဥပဒေပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ရရှိသူ ဒေါက်တာတင်ညိုညိုသောင်နှင့် ၂၀၀၇ ခုနှစ်အတွက် ရှေ့နေချုပ် ဆုချီးမြှင့်ခြင်း ခံရသည့် ဥပဒေရုံး အသီးသီးတို့မှ ဥပဒေအရာရှိများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုပေး

ထို့နောက် ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦးတို့က ၂၀၀၇ ခုနှစ်အတွက် ရှေ့နေချုပ် ဆုချီးမြှင့်ခြင်း ခံရသူများအနက် ဆုချီးမြှင့်ပွဲသို့ မတက်ရောက်နိုင်သူများကိုယ်စား တာဝန်ရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။

ဆက်လက်၍ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးတင်မြင့်က ရှေ့နေချုပ်ရုံး နေပြည်တော်မှ ရှေ့နေချုပ်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

12-5 (06).pmd 1 5/12/2009, 2:55 AM

အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၀ရက် နံနက် ၁၀နာရီခွဲတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ကြီးအား စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းအောင်က ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စက်များ လည်ပတ်မောင်းနှင်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် စက်ရုံမှူး ဦးဝင်းအောင်တို့က စက်ရုံ၏ 33 KV Switch Yard အတွင်းရှိ Busbar နှင့် Disconnection Switch(D/S)တို့၏ အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် Speed Tornic Control Card အခြေအနေ၊ စက်ရုံ Control Room အတွင်း Control Panal များမှ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေ **(ယာပုံ)**နှင့် Computer ဖြင့် စက်များထိန်းချုပ်မောင်းနှင်နေမှု အခြေအနေ၊ တာဘိုင် စက်များအား ထိန်းချုပ်မောင်းနှင်သော Speed Tornic Turbine Control အခြေအနေတို့ကိုလည်းကောင်း၊ 33 KV Switch Yard အတွင်းရှိ Busbar နှင့် Disconnection Switch(D/S) အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၈ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို မေ ၁၀ရက် နံနက်၉နာရီက မဟာဗန္ဓုလ လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဝိုင်အမ် စီအေ အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် အဖွဲ့အတွင်းရေးမှူး ဒေါ်တင်မွေး (မွေးငယ်ငယ်)ကဆောင်ရွက်ပြီး သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)တွဲဖက် အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ် သန်း)**(အပေါ်ပုံ)**နှင့် ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမော်တို့က အမှာစကား ပြောကြားကြသည်။

အတည်ပြု

ဆက်လက်၍ နှစ်ပတ်လည်အစည်း အဝေးသို့ တင်သွင်းသည့် မြို့နယ်အလုပ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)က လည်း ကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာ ရေးမှူး ဦးမြင့်စိုး(ကွမ်း-ပေါင်းတည်)က လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်း(ကြည်ကြည် ဝင်း- စာပေဗိမာန်)က အကြံပြုထောက်ခံ ဆွေးနွေးကာ အစည်းအဝေးမှ အတည်ပြု သည်။

ပူဇော်ကန်တော့

အခမ်းအနား ဒုတိယပိုင်းတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအနက်မှ အသက်(၇၅)နှစ်ပြည့်ပြီးသူ နာယကအဖွဲ့ ဝင်များနှင့် အဖွဲ့ဝင်များအား ပူဇော် ကန်တော့ကြရာ တက်ရောက်လာသူ ဦးတင်ထွန်း (တင်ထွန်း-တောင်ကုတ်)၊ ဦးတင်ရွှေ(ရဲဘော်တင်ရွှေ)၊ ဦးအုန်းမောင် (ရာမဦးအုန်းမောင်)၊ ဒေါ်စောနန်းမြင့် (စိန်ဂွန်း)၊ ဦးအောင်ဆု(အောင်ဆုရှင်)နှင့် ဦးမောင်မောင်ညို(မောင်မောင်ညို)တို့အား အဖွဲ့ဝင်များက ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ ကိုယ်စား ဦးအုန်းမောင်(ရာမဦးအုန်းမောင်) က သြဝါဒစကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

အခြေခံနှင့်အဆင့်မြင့် အိမ်တွင်းမှုသင်တန်းဖွင့်

ပခုက္ကူ မေ ၁၁

ပခုက္ကူမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၁)နှင့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်(၈) ဖွင့်ပွဲကို မေ ၁၀ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်း ဝင်းက အမှာစကားပြောကြားပြီး ကျောင်း အုပ်ကြီး ဒေါ်အေးအေးသောင်းက သင်တန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် ဌာနဆိုင်ရာများ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တေဇာမြတ်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ (၀၇၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်၊မေတ္တာသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**အဝိဇ္ဇာဦးစီးပုံနှင့် တဏှာဦးစီးပုံ ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၅	အလောင်းတော်ကဿဖ လိုဏ်ဂူတော်
၇:၀၀	**ရတနာသိုက်ရှာပုံတော်** (အပိုင်း-၃၂)
၇:၃၀	The Jetsons
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	Sunday Talk
၉:၃၀	ပြည်သူ့အတွက်ကျန်းမာရေး (မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း) (ဒေါက်တာခင်နှင်းဦး)
၉:၃၅	ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲ
၉:၄၅	စွမ်းအင်နှင့်သူတို့
၁၀:၀၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးကိတ်နှင့်ကျောက်စိမ်း အုန်းနို့ အချိုပွဲ)
၁၀:၁၅	**မေတ္တာရေအမြင့်တင့်လေသည့် ရွှေကြာ** ထွန်းထွန်း၊ Examplez၊ အကယ်ဒမီ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ တက္ကသိုလ်ဂွမ်းပုံ၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၁၀:၄၅	ကော်ဇောမှအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
၁၁:၁၅	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်မော့စ်နှင့် တွေ့ဆုံခြင်း)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၂:၀၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်း အမျိုးမျိုး)
၁၂:၃၀	ရဲယိုနှင့်ကျန်းမာရေး
၁၂:၄၅	ဧည့်ဝတီရဲ့တေးနရီရသစုံလီ ရခိုင်စာပီ
၁:၀၀	**အဝိဇ္ဇာဦးစီးပုံနှင့် တဏှာဦးစီးပုံ ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၁:၄၅	အလောင်းတော်ကဿဖ လိုဏ်ဂူတော်
၂:၀၀	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၂:၁၅	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၂:၃၀	Fashion Music Festival (Hip Hop)
၃:၀၀	လည်ပင်းအာရုံကြောညပ်ရောဂါ (အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၃:၃၀	တေးဂီတအစီအစဉ်
၃:၄၅	Internet Directory (COM Internet Cafe)
၄:၀၅	မြန်မာစာမြန်မာစကား
၄:၂၅	Colorful System of River
၅:၁၀	Music Gallery (သွန်း-စင်ကာပူညှ)
၅:၄၀	ရဲယိုနှင့်ကျန်းမာရေး
၅:၄၅	ဧည့်ဝတီရဲ့တေးနရီရသစုံလီ ရခိုင်စာပီ
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲ
၆:၃၀	Fashion Music Festival (Hip Hop)
၇:၀၀	Sunday Talk
၇:၄၅	ပြည်သူ့အတွက်ကျန်းမာရေး (မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း) (ဒေါက်တာခင်နှင်းဦး)
၈:၀၀	MRTV-4 သတင်း
၈:၁၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၈:၃၀	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၈:၄၅	Music Gallery (သွန်း-စင်ကာပူညှ)
၉:၁၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးကိတ်နှင့် ကျောက်စိမ်း အုန်းနို့ အချိုပွဲ)
၉:၃၀	**ရတနာသိုက်ရှာပုံတော်**(အပိုင်း-၃၂)
၁၀:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်မော့စ်နှင့် တွေ့ဆုံခြင်း)
၁၂:၁၀	လေးပါးဆေးအမယ်ပေါင်းစုယူ ဆေးစတုမဓု
၁၂:၃၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်

နေပြည်တော် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ ၈ရက်တွင် မြန်အောင်မြို့ မန်ကျည်းကွင်းကျေးရွာ၌ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျေးရွာအုပ်စုအတွင်းရှိ အသက်(၈၀)ကျော် ဘိုးဘွား ၅၉ဦးတို့အား စေတနာရှင်များနှင့် အတူ လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ရာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုံးမသြဝါဒစကား ပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးက အဘိုး အဘွားများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထပ်မံစိုက်ပျိုး

ထို့နောက် ဒုတိယဝန်ကြီးသည် မန်ကျည်းကွင်း-ရင်းတောလေးကျေးရွာ ချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး မှုကို ကြည့်ရှုစစ်ဆေး၍ လမ်းဘေးဝဲယာ တစ်လျှောက် လေကာပင်များ ထပ်မံ စိုက်ပျိုးသွားရန်နှင့် ရေလွှမ်းဧရိယာကို ရေထုတ်မြောင်းများဖြင့် ဖောက်ထုတ်ပြီး ဆောင်ရွက်ရန် ကျန်ရှိသော လမ်းအပိုင်းအား မိုးမကျမီ ပြီးစီးရေး မှာကြားသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးသည် မြန်အောင်မြို့ ဆန်နီချောင်း ကျေးရွာ၌ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံ သည်။

တက်ရောက်အားပေး

ဒုတိယဝန်ကြီးသည် မေ ၉ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ကြက်သွန် ခင်းကျေးရွာအုပ်စု ဂျို့ကျွန်းကျေးရွာ တွဲဖက် မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အဆိုပါ ကျောင်းအတွက် စေတနာရှင်များ၏ ပညာရေးဆိုင်ရာ ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ပွဲကို တက်ရောက်အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ယင်းတိုက်ကုန်းကျေးရွာအုပ်စု အညာစု ကျေးရွာ မူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် တွေ့ ဆုံပြီး ကျောင်းဆောင်သစ် ဆောက်လုပ် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းဆောင်သစ် ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပညာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားကာ ကျောင်းအတွက် ပညာရေးဆိုင်ရာ အလှူငွေများ ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၁၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၆၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "စင်ကာပူအခြေစိုက် သဘော်လိုင်းက မြန်မာသဘော်သား ၆၀၀ အထိ ခေါ်ယူမည်၊ ရတနာပုံဘောလုံးအသင်းမှ ဘောလုံးသမားများကို နိုင်ငံခြားက ဝယ်ယူလို၍ ရောင်းချသွားရန်ရှိ၊ ကြိုးမဲ့စနစ်ဖြင့် ပုံထုတ်နိုင်သော ပရင်တာများ ဈေးကွက်ဝင်လာ၊ မြန်မာနိုင်ငံတွင် ရှေးခေတ်မြို့ဟောင်း များ ထပ်မံတွေ့ရှိရန် အလားအလာကောင်းများရှိနေ၊ ဘိုကလေးမြို့နယ်၌ ဒီရေတော ဂေဟစနစ်ကြီးတစ်ခု ထူထောင်မည်၊ ငါးပိအပြင် ငရုတ်သီး၊ အချိုရည်၊ ငံပြာရည်၊ လက်ဖက်ခြောက်၊ ယိုစုံအမျိုးမျိုးနှင့် ပဲအမျိုးမျိုးကို FDA က စစ်ဆေးလျက်ရှိ၊ ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်၊ အမေရိကန် တေးဂီတအဖွဲ့နှင့်အတူ အနဂ္ဂနှင့် ဂျေမီတို့ ပါဝင်ဖျော်ဖြေခဲ့ကြ၊ ရတနာပုံ FC အသင်းက ရှယ်ယာတစ်စောင်လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် အစုရှယ်ယာပေါင်း တစ်သောင်းရောင်းချ မည်၊ တားမြစ်ထားသော လက်ဖက်နှင့် ငါးပိများကို ဆက်လက်ရောင်းချပါက ထောင် သုံးနှစ်ချမှတ်မည်၊ မုတ်သုံ စတင်ဝင်ရောက်မည့်ကာလအတွင်း မုန်တိုင်းအန္တရာယ် အထူးသတိပြုရန်လို၊ ခန္ဓာကိုယ်ရှိ အဆိပ်အတောက်အညစ်အကြေးများကို ခြေထောက်မှ တစ်ဆင့် စက်ဖြင့် ဖယ်ရှားပေးနိုင်ပြီ၊ Delta United FC ဘောလုံးအသင်းသားများက မိမိတို့ဝင်ငွေမှ နာဂစ်ဒဏ်ခံ ကလေးများပညာရေးအတွက် ငွေလှူဒါန်း၊ တရုတ်ခရီးစဉ် အပြီးတွင် အာဆီယံလုပ်ပျိုဖြူ တွေ့ဆုံပွဲအတွက် မိုးယုစံ ဗီယက်နမ်သို့ သွားမည်၊ A/H_1N_1 တုပ်ကွေးရောဂါ အာရှပစိဖိတ်ဒေသတွင် သြစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့၌ ဖြစ်ပွား၊ ပင်လယ်ဓားပြများ၏ရန်မှ သဘော်သားများ လက်နက်ဖြင့် ခုခံကာကွယ်နိုင်ခွင့်ရှိဟု ဆို၊ A/H_1N_1 တုပ်ကွေး ရောဂါကြောင့် မက္ကဆီကိုနှင့် အမေရိကန်အပြင် ကနေဒါ၊ ကော့စတာရီကာနိုင်ငံတို့ တွင်လည်း သေဆုံးသူများရှိလာ၊ ရေချိုးခန်းအတွင်း ချော်လဲပြီး မျက်နှာထဲသို့ ဘုံပိုင်ခေါင်းဝင်သွား၊ လက်ဖဝါးပေါ်၌ပင် တင်ထားနိုင်သည့် သူလျှိုရဟတ်ယာဉ် တီထွင်၊ A/H_1N_1 ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စည်းဝေးမည်၊ နှစ်နှစ်သမီးလေးက အိုင်ကျူ ၁၅၆ ရှိ၊ မြွေနှစ်ရာကျော် လမ်းပေါ်ပျော် လူသူအများ ချောက်ချားသွား"…စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်း မရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးဖွံ့ဖြိုးရေးစီမံကိန်းများ (သို့မဟုတ်) အနာဂတ်အတွက်မျှော်မှန်းချက်

(ယမန်နေ့ ဆောင်းပါးမှအဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းစီမံကိန်း(၄)ခု၊ တံတား စီမံကိန်း(၂)ခုကို ဖော်ဆောင်သွားမည် ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းမကြီး(၅)ခုအပြင် လမ်း အရှည် ၅၁မိုင်၅ဖာလုံရှိ ဖျာပုံ-ကျုံကဒွန်း-ဒေါငြိမ်း-အမာလမ်းကို ဂဝံ လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်ထိ အဆင့်ဆင့် အဆင့်မြှင့်ဖောက်လုပ် သွားမည်ဖြစ်ပါသည်။ ၄င်းအပြင် အရှည် ၃၅ မိုင် ၅ဖာလုံရှိ ဘိုကလေး- စက်ဆန်း-ထော်ပိုင်-အမာလမ်းကိုလည်း လမ်းသစ်တစ်ခုအဖြစ် တိုးချဲ့ ဖောက်လုပ်သွားမည်ဖြစ်ပါသည်။ ယင်းလမ်းများကြောင့် ပင်လယ်ကမ်းရိုး တန်း ဒေသများသို့သွားရောက်ရာတွင် လမ်းပန်းဆက်သွယ်မှု လျင်မြန် လမ်းကြောင်းထက် ၁၂မိုင် ၆ ဖာလုံ သက်သာစေမည်ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

တံတားစီမံကိန်းများအနေဖြင့် ကသာ-ဗန်းမော်မီးရထားလမ်းပေါ်၌ ကားလမ်းနှစ်လမ်းနှင့် မီးရထားလမ်း ယှဉ်တွဲပါဝင်မည့် ဧရာဝတီမြစ်ကူး တံတား (စင်းခန်း)ကို တည်ဆောက်မည် ဖြစ်ပါသည်။ ၄င်းတံတားသည် ကားတံတား အရှည် ၄၇၂၅ပေကျော်၊ ရထားတံတားအရှည် ၇၈၁၅ပေ ကျော်၊ ကားလမ်း အကျယ်၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် လူသွား လမ်းတစ်ဖက်လျှင် သုံးပေစီပါဝင်မည်ဖြစ်ပါသည်။ နောင်တွင်အထက်မြန်မာ ပြည်၌ ဧရာဝတီမြစ်ကို အရှေ့နှင့်အနောက်ဖြတ်ကျော်မည့် ရထားလမ်းနှင့် ကားလမ်းတံတားသစ်အဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပြီး ကချင်ပြည်နယ်

အင်းစိန်စက်ခေါင်းစက်ရုံ၌ အဆင့်အတန်းမီ စက်ခေါင်းသစ်များကို ဤသို့ တည်ဆောက်နေကြသည်။ (မြန်မာ့အလင်း)



ချောမွေ့ လွယ်ကူလာစေမည် ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအမျိုးမျိုးကိုလည်း အချိန်မီကာကွယ် ပေးနိုင်မည် ဖြစ်ပါသည်။.

၄င်းအပြင် လက်ရှိအသုံးပြုနေသည့် နေပြည်တော်-တောင်ညို- တောင်တွင်းကြီး-မကွေးလမ်း၊ နေပြည်တော်-တောင်ညို-တောင်တွင်း ကြီး-မြို့သစ်-နတ်မောက်-မကွေးလမ်းများအပြင် နေပြည်တော်- တောင်ညို-မြို့သစ်-မကွေး လမ်းသစ်ကိုလည်း ဖောက်လုပ်သွားမည် ဖြစ်ပါသည်။ နေပြည်တော်မှ မကွေးသို့ ၁၀၈မိုင်၄ဖာလုံသာရှိပြီး လက်ရှိ လမ်းမထက် တောင်တက်တောင်ဆင်း လျော့နည်းကာ ခရီးမိုင်သက်သာ သွားစေမည်ဖြစ်သည့်အပြင် လမ်းသစ်ပေါ်ရှိဒေသများ ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အကျိုးပြုနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ပြင်ဦးလွင်ဖြတ်လမ်း သည်ခရီးမိုင်၄၇မိုင်၄ဖာလုံရှိမည်ဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ကျောက်ဆည် စက်မှုဇုန်နယ်မြေရှိ စက်ရုံများ၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်းများသို့ ပစ္စည်း များ လွယ်လင့်တကူ သယ်ပို့နိုင်မည်ဖြစ်ပါသည်။ လက်ရှိ ဖောက်လုပ်ပြီး အသုံးပြုနေသော ကျောက်ဆည်-ဘဲလင်း-ရဲရွာ မူလလမ်းကြောင်းထက် ၁၂မိုင် သက်သာမည့်အပြင် ကျောက်ဆည်-မန္တလေး-ပြင်စာ မူလ

မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့တို့မှ အခြားပြည်နယ်နှင့်တိုင်းများသို့ လျင်မြန်စွာ သွားလာ ရောင်းဝယ်ဖောက်ကားနိုင်မည် ဖြစ်ပါသည်။

နောက်တံတားတစ်စင်းမှာ ရခိုင်ပြည်နယ်အတွင်းတည်ဆောက်မည့် သယု(ပဲပဒုံ)တံတားစီမံကိန်း ဖြစ်ပါသည်။ ကားနှင့်ရထားယှဉ်တွဲဖြတ်သန်း နိုင်မည့် တံတားဖြစ်ပြီး အရှည် ၄၂၅ပေ၊ ကားလမ်းအကျယ် ၂၄ပေ၊ ရထားလမ်း အကျယ် ၁၄ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် လေးပေကျော် ရှိမည်ဖြစ်ပါသည်။ ယင်းတံတားစီမံကိန်းကြောင့် ရခိုင်ပြည်နယ်ရှိပြည်သူ များသည် မကွေးတိုင်းမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူ လျင်မြန်စွာ သွားလာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည် ဖြစ်ပါသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၉) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးသော စီမံကိန်း (၉)ခု၊ ဆောင်ရွက်ဆဲ စီမံကိန်း (၃၅)ခုနှင့် အကောင်အထည်ဖော်ရန် ခွင့်ပြုချက်တောင်းခံသည့် ဘောဂတရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိ ရပါသည်။

ဘောဂတရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးတိုင်း ကျောက်ကြီးမြို့၏ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာ ဘောဂတချောင်းပေါ်၌ အကောင်

ကျော်ရဲမြင့်

အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စက်တပ်ဆင်အင်အား ၁၆၈မဂ္ဂါဝပ်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၅၀၀ကို ထုတ်လုပ် ဖြန့်ဖြူးသွားမည် ဖြစ်ပါသည်။ တည်ဆောက်ပြီး စီမံကိန်းများမှာ ဇော်ဂျီရေ လှောင်တမံရေအားလျှပ်စစ်စီမံကိန်း၊ ဖောင်းတူစီမံကိန်း၊ သဖန်းဆိပ် စီမံကိန်း၊ မုန်းချောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်း၊ ရဲနွယ်စီမံကိန်း၊ ခပေါင်း စီမံကိန်း၊ ကျိုင်းတောင်းစီမံကိန်းနှင့် ရွှေလီ(၁)စီမံကိန်းတို့ ဖြစ်ပါ သည်။

ရေအားလျှပ်စစ်စီမံကိန်းများမှထွက်ရှိလာမည့်ဓာတ်အားကို ဓာတ်အား စနစ်သို့ ပို့လွှတ်နိုင်ရန်အတွက် မဟာဓာတ်အားလိုင်း စီမံကိန်းများ၊ ပင်မ ဓာတ်အားခွဲရုံ စီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ တည်ဆောက်ပြီး ဓာတ်အားသယ်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဓာတ်အားစနစ်မှ ဓာတ်အားကို သုံးစွဲသူများထံ ဆက်လက် ဖြန့်ဖြူး နိုင်ရေးအတွက်လည်း ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများနှင့် ဓာတ်အား ခွဲရုံငယ်များကို အချိုးညီတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဆောင်ရွက်ဆဲ မဟာဓာတ်အားလိုင်း စီမံကိန်းနှစ်ခုမှာ လှိုင်သာယာ-အသုတ် ၂၃၀ကေဗွီ ဧရာဝတီမြစ်ကျော်(ကဇင်းတော) တာဝါ တိုင်များ ပြောင်းရွှေ့တည်ဆောက်ခြင်း စီမံကိန်းနှင့် မြောင်းမြ-လပွတ္တာ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၆ဒသမ ၃၄မိုင် စီမံကိန်းတို့ ဖြစ်ပါသည်။ ဓာတ်အားခွဲရုံစီမံကိန်းများအနေဖြင့် ၆၆ ကေဗွီ မြောင်းမြဓာတ်အားခွဲရုံ၌

၆၆ကေဗွီ **Switch Bay** တစ်ခု တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းနှင့် လပွတ္တာ ၆၆/၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းစီမံကိန်းတို့ ဖြစ်ကာ အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ဆောင်ရွက်လျက်ရှိပါသည်။

နောင်ဆက်လက်ဆောင်ရွက်မည့် မဟာဓာတ်အားလိုင်းများအဖြစ် စိုင်ဒင်-ဘူးသီးတောင်-မောင်တော ၆၆ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ စိုင်ဒင်-ကန်စောက် ၆၆ကေဗွီ ဓာတ်အားလိုင် ဖူးရွာ၁၃၂ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်း ၁၃၂ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံ ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊တညေ ဓာတ်အားလိုင်းစီမံကိန်း၊ ညောင်ပင်ကြီး-ချော မဟာဓာတ်အားလိုင်း စီမံကိန်း၊ ချောင်းကူး(နှစ်ထပ်ဓာတ်အားလိုင်း စီမံကိန်း၊ ချောင်းကူး(ဓာတ်အားလိုင်းစီမံကိန်း၊သဖန်းဆိပ်-၄က်ပျော့ဒိုင် လိုင်းစီမံကိန်း၊ အထက်ဆည်တော်ကြီး-ဆည် ဓာတ်အားလိုင်းစီမံကိန်း၊ အထက်ရဲရွာ-ရွှေစာရံ လိုင်းစီမံကိန်း စသည့်မဟာဓာတ်အားလိုင်းစီမံ ထို့အတူ မဟာဓာတ်အားလိုင်းများနှင့်အတူ လို ခွဲရုံစီမံကိန်း ၃၀ကိုလည်း ဆက်လက် တည်ဆော

၄င်းအပြင် ရန်ကုန်မြို့ရှိ လှော်ကား၊ သဘာဝ ဓာတ်ငွေ့သုံး စက်ရုံများရှိ စက်မျာ ကျွန်းချောင်း၊ မန်း၊ ရွှေတောင် စသည့် သဘာ လည်းကောင်း လိုအပ်သော အကြီးစားပြုပြင်မှ ဖြစ်ကြောင်း သိရှိရပါသည်။

အထူးစီမံကိန်း တစ်ရပ်အနေဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တ ဆောင်ရွက်လျက်ရှိပါသည်။ နေပြည်တော်လေ ပြေးလမ်း ပေ ၁၂၀၀၀×ပေ ၂၀၀နှင့် အပြိုင် ၁၂၀၀၀×ပေ၁၀၀တစ်ခု၊ လေယာဉ်အဝင်/အထွ လေးခု၊ ပေ ၅၅၀×ပေ ၁၀၀ လေးခု၊ လေယ ၁၂၀၀×ပေ ၁၂၀၀နှင့် လေဆိပ်အဆောက်အအုံ၊

ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသ လ ပေးမည့် ဖျာပုံ-ဒေါငြိမ်း-အမာလမ်း ဖောက သည်ကား....။

နှင့် လိုအပ်သော လေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်း အဆင့်(၃)ဆင့် ခွဲခြား၍ နိုင်ငံတကာအဆင့်မီလေ မည် ဖြစ်ပါသည်။

အထူးစီမံကိန်းကြီးများတွင် ရထားပို့ စီမံကိန်းများလည်း အပါအဝင် ဖြစ်ပါသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးမှ ပေါ်ထွက်လာခဲ့သော အထူးစီမံကိန်းများအားလုံးသည် နိုင်ငံတော်၏ လက်ငင်းဘဝ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မရှိမဖြစ် လိုအပ်သော စီမံကိန်းကြီးများပင်ဖြစ်၊ တစ်နည်းအားဖြင့် နိုင်ငံနှင့်ပြည်သူ၏အနာဂတ်အတွက် မျှော်မှန်းချက်များကို ဖြည့်ဆည်း ဖော်ဆောင် ပေးနိုင်မည့် ရေရာသေချာခိုင်မာသည့် အာမခံချက်များပင်ဖြစ်သည်ဟု ဆိုနိုင်။

စိုင်ဒင်-ကန်စောက် ၆၆ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ အထက်ဖူးရှာ-ဖူးရှာ၁၃၂ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း၊ ဖူးရှာ-တညောင် ၁၃၂ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း၊ တညောင်-ချောက် ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊တညောင်-မန်း ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ညောင်ပင်ကြီး-ချောင်းကူး(ပေါက်) ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်း၊ ချောင်းကူး(ပေါက်)-ပေါက် ၆၆ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း စီမံကိန်း၊ ချောင်းကူး(ပေါက်)-ကျော ၆၆ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊သဖန်းဆိပ်-ငှက်ပျောဒိုင်း၁၃၂ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်း၊ အထက်ဆည်တော်ကြီး-ဆည်တော်ကြီး ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ အထက်ရဲရွာ-ရွှေစာရံ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း စသည့်မဟာဓာတ်အားလိုင်းစီမံကိန်း ၂၀ပေါင် ဖြစ်ပါသည်။ ထို့အတူ မဟာဓာတ်အားလိုင်းများနှင့်အတူ လိုအပ်သော ပင်မဓာတ်အားခွဲရုံစီမံကိန်း ၃၀ကိုလည်း ဆက်လက် တည်ဆောက်သွားမည် ဖြစ်ပါသည်။

ငင်းအပြင် ရန်ကုန်မြို့ရှိ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ သဘာဝ ဓာတ်ငွေ့သုံး စက်ရုံများရှိ စက်များကိုလည်းကောင်း၊ နယ်ရှိ ကျွန်းချောင်း၊ မန်း၊ ရွှေတောင် စသည့် သဘာဝဓာတ်ငွေ့သုံးစက်များကိုလည်းကောင်း လိုအပ်သော အကြီးစားပြုပြင်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

အထူးစီမံကိန်း တစ်ရပ်အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။ နေပြည်တော်လေဆိပ်သည် လက်ရှိလေယာဉ်ပြေးလမ်း ပေ ၁၂၀၀၀×ပေ ၂၀၀နှင့် အပြိုင် လေယာဉ်ပြေးလမ်း ပေ ၁၂၀၀၀×ပေ၁၀၀တစ်ခု၊ လေယာဉ်အဝင်/အထွက်လမ်း ၆၅ ပေ×ပေ ၁၀၀ လေးခု၊ ပေ ၅၅၀×ပေ ၁၀၀ လေးခု၊ လေယာဉ်ရပ်နားလမ်းနေရာ ပေ ၁၂၀၀×ပေ ၁၂၀၀နှင့် လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်း မျှော်စင်

နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ တည်ဆောက်ပြီးစီးသွားပါက မြင်တွေ့ရမည့် အဝင်ခန်းမဆောင်၏ မြင်ကွင်းသည်ကား ဤသို့ သပ်သပ်ရပ်ရပ် လှလှပပ။ (မြန်မာ့အလင်း)

ရေဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ကို ချိတ်ဆက်ပေးမည့် ဖျာပုံ-ဒေါ်ငြိမ်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှု မြင်ကွင်းသည်ကား....။ (မြန်မာ့အလင်း)

နှင့် လိုအပ်သော လေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းနှင့် အဆောက်အအုံများကို အဆင့်(၃)ဆင့် ခွဲခြား၍ နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အထူးစီမံကိန်းကြီးများတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စီမံကိန်းများလည်း အပါအဝင် ဖြစ်ပါသည်။ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ဆက်သွယ်သည့် ရထားလမ်းစီမံကိန်း ဖြစ်ပါသည်။ အဆိုပါရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင် ခန့်ရှိပြီး ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများဖြင့် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းသွားမည် ဖြစ်ပါသည်။ ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူ ချောမွေ့စွာဖြင့် သွားလာ၊ ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ကြမည် ဖြစ်ပြီး စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။ ရထားလမ်း တစ်လျှောက် ဘူတာ ပေါင်း ၅၁ဘူတာ ပါဝင်မည်ဖြစ်ပြီး တံတားကြီး/ငယ်ပေါင်း ၁၂၈၅စင်းကို တည်ဆောက်သွားရန် ရှိပါသည်။

မြန်မာ့မီးရထားစက်ခေါင်း/ တွဲစက်ရုံ(၃)ရုံဖြစ်သည့် စက်ခေါင်းစက်ရုံ(အင်းစိန်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)နှင့် တွဲပြင်နှင့် တွဲတည်ဆောက်ရေးစက်ရုံ (မြစ်ငယ်)တို့၌ လက်ရှိ အသုံးပြုနေသည့် စက်ခေါင်းများကို အကြီးတန်း၊ အလတ်တန်း ပြုပြင်မွမ်းမံခြင်း၊ ကိုယ်ပိုင်စက်ခေါင်းများထုတ်လုပ်ခြင်း၊ သက်တမ်းပြည့်စက်ခေါင်းများကိုအင်ဂျင်သစ်လဲလှယ်အသုံးပြုခြင်း၊ လူစီးတွဲ၊ ကုန်တွဲအသစ်များထုတ်လုပ်ခြင်း၊ အကြီးတန်း ပြုပြင်ခြင်းတို့ကို အဆင့်အတန်းမီစွာ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော် ရထားလမ်း ကွန်ရက်ကြီး (National Railway Network) ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၊ နမ့်စန်-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

ကမာနတ် - မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းများကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ လျှပ်စစ်လုပ်သားကြီးများ ဤသို့ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ (မြန်မာ့အလင်း)



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) မှ တာဝန်ယူ တည်ဆောက်ခဲ့သော ကမာနတ်-မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံကို ကျိုင်းတောင်းရေတံခွန်အလှနှင့် လိုက်ဖက်ညီစွာ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

12-5 (09).pmd 1 5/12/2009, 2:55 AM

● *ကျောဖုံးမှ*

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထိန်းသိမ်းစောင့်ရှောက်

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော် ထူထောင်နိုင်ရေးအတွက် စွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ အနေဖြင့် မိမိနိုင်ငံ၏ အတိတ်သမိုင်းကြောင်း အစဉ်အလာနှင့် သင်ခန်းစာများ၊ ပစ္စုပ္ပန်ပြည်တွင်း၊ ပြည်ပ ပကတိအခြေအနေများ၊ အနာဂတ် အလားအလာများကို အမျိုးသားရေး အမြင်ဖြင့် မှန်မှန်ကန်ကန် ယှဉ်တွဲရှုမြင်နိုင်ပြီး မိမိတို့ ကျရာကဏ္ဍက စုစည်းညီညာစွာ ကြိုးပမ်းနိုင်ကြမှသာ နိုင်ငံတော်၏ ရေရှည် အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား ဆရာ၊ ဆရာမများအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားရေး အကျိုးစီးပွားဆိုင်ရာယုံကြည်ချက်၊ ခံယူချက်များ ပိုမိုရှင်သန်ခိုင်မြဲစေရေး အထောက်အကူပြုနိုင်ရန် ယခုကဲ့သို့ မွမ်းမံသင်တန်းများတွင် တက်ရောက်လာကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

အကောင်အထည်ဖော်

ယနေ့ (၂၁)ရာစုတွင် ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် မိမိတို့ ပိုင်ဆိုင်သော သယံဇာတ အရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များအား ပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး၊ စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် မိမိတို့နိုင်ငံအလိုက် ပညာရည်မြှင့်တင်ရေးအစီအစဉ်များ၊ စီမံကိန်းများကို ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ငါးနှစ်စီမံကိန်း ခြောက်ခုဖြင့် ပိုင်းခြားဖော်ဆောင်လျက်ရှိရာ ဆရာ ဆရာမများ ကိုယ်တိုင်ပါဝင် အကောင်အထည်ဖော်နေကြကြောင်း။

၁၉၈၈ခုနှစ် နောက်ပိုင်း အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးခဲ့ရာ ယခုဆိုလျှင် ပြည်နယ်၊ တိုင်း(၁၄)ခုကိုအခြေပြုသတ်မှတ်ထားသည့် အထူးဖွံ့ဖြိုးရေး ဒေသကြီး (၂၄)ခုလုံးတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခု၊ နည်းပညာတက္ကသိုလ် တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖြန့်ကြက် တည်ရှိနေပြီဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

ယခုကဲ့သို့ တိုင်းရင်းသားအားလုံးအတွက် ပြည်ထောင်စုနယ်မြေ အသီးသီးတွင် အဆင့်မြင့်ပညာ သင်ယူနိုင်ရေးအတွက် အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို ငွေကြေးအရင်းအနှီး အမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခဲ့သကဲ့သို့ အဆင့်မြင့်ပညာရပ်များ ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများ တိုးတက်ရေး၊ ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာရော၊ လွတ်လပ်ရေးရရှိပြီး ကာလများမှာပါ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များအနေဖြင့် ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများဖြစ်ပေါ်မှု၊ တိုင်းရင်းသားချင်း မသင့်မမြတ်ဖြစ်ပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ

စာမျက်နှာ ၉ မှ

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးမှ ပေါ်ထွက်လာခဲ့သော အထူးစီမံကိန်းများအားလုံးသည် နိုင်ငံတော်၏ လက်ငင်းဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မရှိမဖြစ် လိုအပ်သော စီမံကိန်းကြီးများပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် မျှော်မှန်းချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် ရေရာသေချာခိုင်မာသည့် အာမခံချက်များပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်တို့နိုင်ငံ၏ လက်ရှိအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ပါက ဦးတည်ချက်အပိုင်းနှင့် လက်တွေ့ဆောင်ရွက်မှုအပိုင်း ဟန်ချက်ညီပြီး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများသည် မျက်ကွယ်ပြု၍မရနိုင်သည့် ပကတိအရှိတရားများပင်ဖြစ်ရာ မှန်ကန်သည့်အသိနှင့် ကြည်လင်စွာ ရှုမြင်သုံးသပ်မည်ဆိုပါက အနာဂတ်နိုင်ငံတော်၏ ပုံရိပ်ကို ပြတ်သားထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ပါသည်။ နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် အရေးအရာကိစ္စများ အားလုံးသည် နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းရမည့် ပြည်တွင်းကိစ္စရပ်များသာဖြစ်ပြီး ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညွတ်စွာ ကိုယ်ပိုင်စွမ်းအားနှင့် ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေခြင်းဖြစ်သည်မှာ ထင်ရှားလှပါသည်။

ယခု အထူးစီမံကိန်းကြီးများကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ညီညွတ်လက်တွဲ၍ ကိုယ်ပိုင်ခွန်အား၊ ကိုယ်ပိုင်စွမ်းအားများနှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်မည်မုချ ဖြစ်ပါသည်။ မျှော်မှန်းချက်ဟူသည် အနာဂတ်၏ အဆင်တန်ဆာပင်ဖြစ်ရာ မျှော်မှန်းချက်များကို ပြည့်ဝအောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်နိုင်မှသာ အနာဂတ်ဘဝသည် ဖွံ့ဖြိုးတိုးတက်ပြီး ဖြောင့်ဖြူးသာယာလှပမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ပြည်သူများအနေဖြင့် ယခု အကောင်အထည်ဖော်ဆောင်မည့် အထူးစီမံကိန်းကြီးများအား နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် မျှော်မှန်းချက် လုပ်ငန်းစဉ်များအဖြစ် လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုရင်း အောင်မြင်သည်ထက် ပိုမိုအောင်မြင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း လက်တွဲဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

✳ *ကျောဖုံးမှ*

အချိန်တို

ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်း အင်းအိုင်ပေါများသည့်အတွက် ယခင်က တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် ရေလမ်းခရီးဖြင့် လှေသင်္ဘောတို့ကိုသာ အားထားသွားလာနေရ၍ အချိန်ကြာမြင့်ခဲ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် မြစ်ချောင်း အင်းအိုင် ပေါများသည့် ဧရာဝတီတိုင်းကို မော်တော်ကားလမ်းများဖောက်၊ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုအတွင်း ကုန်းလမ်းခရီးနှင့် သွားလာနိုင်ကြပေပြီ။

အားကိုး

ယခုအခါ ဧရာဝတီတိုင်းသည် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရေခံ၊ မြေခံ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေသဖြင့် နိုင်ငံတော်အတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုများအပြင် သားငါး မွေးမြူထုတ်လုပ်မှုများတွင်လည်း အားကိုးရသည့် တိုင်းတစ်တိုင်းအဖြစ် ရပ်တည်နေသည်။

အရှည် ပေ၂၄၀

မရမ်းငူတံတားသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲလမ်း မိုင်တိုင် ၇၁/၀မှာ မရမ်းငူချောင်းကိုဖြတ်ပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ်ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ အမျိုးအစားဖြစ်၍ စုစုပေါင်း တံတားအရှည် ပေ၂၄၀ရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

ဖွင့်လှစ်ပေး

အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတိုင်း မြောင်းမြခရိုင်က တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၀၅ခုနှစ် ဩဂုတ် ၁၆ရက်တွင် ဖွင့်လှစ်ပေးခဲ့ပါကြောင်း သတင်းမှတ်စု မှတ်တမ်းပြုလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တန်ဖိုးနည်းအိမ်ရာ တည်ဆောက်နေမှုလုပ်ငန်း တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဧပြီ၃၀ရက်တွင် စစ်တွေမြို့ မင်းဂံရပ်ကွက် တန်ဖိုးနည်းအိမ်ရာတည်ဆောက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက အိမ်ရာများ ဆောက်လုပ်ပေးနေမှု အခြေအနေများကို လိုက်လံပြသ၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါ၍ လမ်းမတော်တောင်ရပ်ကွက် ရေအားမြှင့်တွန်းစက် အမှတ်(၃)ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများအတူ ကန်တော်မင်္ဂလာရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း၊ ပြည်တော်သာ မီးရထားဘူတာရုံ တည်ဆောက်ရေးလုပ်ငန်းနေရာတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

တာဝန်ပေးအပ်

ရခိုင်ပြည်နယ်၏ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ၁ရက်တွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်များနှင့် ရည်မှန်းချက်တာဝန်များကို အသီးသီးပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြီး တိုင်းရင်းသားပြည်သူ အများစုသာ အဓိကနစ်နာခဲ့ရသည့် အမျိုးသားရေးကို ထိခိုက်စေခဲ့သော သမိုင်းရေးသင်ခန်းစာများကို အစဉ်အမြဲ သတိပြုကြရမှာ ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်သစ်

ယခုကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ မျိုးဆက်နှင့်ချီပြီး အရင်းအနှီးပေါင်းများစွာ ပေးဆပ်ရယူခဲ့ရသည့် သမိုင်းရေးသင်ခန်းစာများကို မမေ့မလျော့ဘဲ အနာဂတ်နိုင်ငံသစ်ကို တည်ဆောက်သွားကြရေးသည် ယနေ့ကာလ မြန်မာ့သမိုင်း၏ လိုအပ်ချက်ပင်ဖြစ်ကြောင်း။

မျိုးဆက်သစ် လူငယ်များ၊ မိဘပြည်သူများအနေဖြင့် ပြည်တွင်းပြည်ပသမိုင်းရေး သင်ခန်းစာများကို သိမြင်နားလည်ပြီး ရင့်ကျက်သည့် အမျိုးသားနိုင်ငံရေးအသိအမြင်များ ပြည့်စုံနေစေရေးအတွက် အသိပညာပေးစည်းရုံးမှု၊ ဦးဆောင်လမ်းညွှန်မှု ပြုကြရမည့် အင်အားစုများတွင် အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အသိပညာပေးစည်းရုံးကြရာတွင်လည်း နိုင်ငံတစ်ဝန်း တိုင်းရင်းသားပြည်သူများ၏ ပကတိအခြေအနေမှန်များအပေါ် အရှိကို အရှိအတိုင်း လက်ခံသိမြင်ရန် လိုအပ်ကြောင်း။

အမျိုးသားရေးတာဝန်

ယနေ့ကာလ နိုင်ငံတော်၏ ပကတိအခြေအနေကိုကြည့်လျှင် နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေ ပြည်သူများဖြစ်ခြင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရရှိလာသော ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများအပေါ် အခြေပြုပြီး ခေတ်မီနိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းသွားကြရေးသည် အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း။

ဦးဆောင်ဦးရွက်ပြု

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ ရင့်ကျက်တည်ငြိမ်သော အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များကို တည်ဆောက်ရာတွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် အဆင့်မြင့်ပညာရေးကဏ္ဍမှ မွေးထုတ်ပေးလိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များသည် နယ်ပယ်အသီးသီးတွင် မိမိတို့နိုင်ငံတော်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းရေးအတွက် ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းသွားကြမည့်သူများ ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ထို့ကြောင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ အနေဖြင့် သင်တန်းကာလအတွင်း နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် ပစ္စုပ္ပန်ကာလ ဆက်စပ်ရယူသွားရမည့် အမျိုးသားရေး သင်ခန်းစာများ၊ နိုင်ငံတော်၏ အနာဂတ်အလားအလာများအပေါ် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များနှင့် ယှဉ်တွဲသိမြင်ပြီး ဖော်ဆောင်သွားကြရမည့် တာဝန်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် လေ့လာမှတ်သားသွားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ တက္ကသိုလ် ကောလိပ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပညာပေးဟောပြော

မေ ၁၀ရက်က ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၃) ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း မူခင်းကင်းမဲ့ဇုန် သတ်မှတ်၍ မှုခင်းကျဆင်းရေး၊ ကြိုတင်ကာကွယ်တားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲတွင် လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဦးက ပညာပေးဟောပြောစဉ်။ (၁၀၆)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ အစ္စရေးနိုင်ငံမှ ပညာရှင်များ ဟောပြောမည်

ရန်ကုန် မေ ၁၁

အစ္စရေးနိုင်ငံမှ ပညာရှင်များဖြစ်ကြသော Mr. Yakov Moskovitz (Ramat Negev Desert Agro Research Centre, Israel) သည် "Desert Agriculture in Israel" (အစ္စရေးနိုင်ငံ၏ သဲကန္တာရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း)နှင့်ပတ်သက်၍လည်းကောင်း၊ Mr. Ben Zion Shemer(Ramat Negev Desert Agro Research Centre, Israel) သည် "Agri Farming and Aqualogy in Dry Climate" (ခြောက်သွေ့သောရာသီဥတုတွင် လုပ်ကိုင်သည့် စိုက်ပျိုးရေးနှင့် ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းများ)နှင့် ပတ်သက်၍လည်းကောင်း၊ မေ၂၂ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ ၁၀ရက်တွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းတင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသအလိုက်၊ ဌာနအလိုက် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်သစ်အတွက် လုပ်ငန်းရည်မှန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် တိုင်းပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံကွန်ပျူတာသင်တန်း(၁/၂၀၀၉)မှ သင်တန်းသားများအား ကြည့်ရှုအားပေးပြီး **(အပေါ်ဝဲပုံ)** ကွန်ပျူတာ သင်တန်းသားများ၏ အိပ်ဆောင်ခန်းမကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇွန်၂၀ရက်မှ ၂၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲအတွက် တစ်ဦးချင်း ခတပြိုင်ပွဲနှင့် အသင်းလိုက် ခတပြိုင်ပွဲ၊ ကုမိတဲ့ပြိုင်ပွဲများတွင် ၄၆ကီလိုနှင့်အောက်၊ ၅၀ကီလိုနှင့်အောက်၊ ၅၅ကီလိုနှင့်အောက်၊ ၆၁ကီလိုနှင့်အောက်၊ ၆၁ကီလိုအထက်ပြိုင်ပွဲနှင့် အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ပါဝင်မည်

အမျိုးသားများအတွက် တစ်ဦးချင်း ခတပြိုင်ပွဲနှင့် အသင်းလိုက် ခတပြိုင်ပွဲ၊ ကုမိတဲ့ပြိုင်ပွဲများတွင် ၅၄ကီလိုနှင့်အောက်၊ ၆၀ကီလိုနှင့်အောက်၊ ၆၇ကီလိုနှင့်အောက်၊ ၇၅ကီလိုနှင့်အောက်၊ ၇၅ကီလိုအထက် ပြိုင်ပွဲနှင့် အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် ၁၉၈၉ခုနှစ် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ၂၀၀၇ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်ခံခဲ့ရသူ ကရာတေးဒိုအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုဟု သိရသည်။

အသက်

ခတအမျိုးအစားတွင် ပါဝင် ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် ပြိုင်ပွဲစတင်ကျင်းပမည့်နေ့တွင် အသက်(၁၆)နှစ်ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး ကုမိတဲ့ပြိုင်ပွဲအမျိုးအစားတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားသည် ပြိုင်ပွဲစတင်ကျင်းပမည့်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုအသင်းများသည် အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးနှင့် အားကစားသမားများ၏ အမည်စာရင်းများကို သတ်မှတ်ပုံစံများတွင် ပြည့်စုံရှင်းလင်းစွာ ဖြည့်စွက်လျက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း)သို့ ဇွန်၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ပြီး ဇွန် ၁၈ရက် နောက်ဆုံးထားကာ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများတွင် ဖွဲ့စည်းပါဝင်မှု လူဦးရေစာရင်း စိစစ်အတည်ပြုနိုင်ရန် အသင်းအုပ်ချုပ်သူ သို့မဟုတ် နည်းပြကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကရာတေးဒိုဒိုင်သင်တန်း(၁/၂၀၀၉)ကို ဇွန် ၁၅ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသည့် ဒိုင်လူကြီးများသည် သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ ဇွန် ၁၄ရက်ညနေ၄နာရီခွဲနောက်ဆုံးထားကာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်သို့ လူကိုယ်တိုင် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၅-၂၀၀၉ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ စက်ခေါင်းသစ် ယန္တရားသစ်များဖြင့် မြန်မာ့မီးရထား
- ၈:၁၀ ၇။ နှောင်းခေတ် တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၃၀ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သားမက်အလိုရှိသည်** (အပိုင်း-၄)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၅)
- ၁၈။ အစီအစဉ်ပြီး၏။

သက်ကြီးပူဇော်

မင်္ဂလာဒုံမြို့နယ် (၂/က) စံပြရပ်ကွက်၏ အသက် ၈၀နှင့်အထက် ဘိုးဘွား ၅၃ဦးအား (၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မေ ၈ရက် (ကဆုန်လပြည့်နေ့)က ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူမဏ္ဍပ်ရုံ၌ ကျင်းပရာ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင် စိန်ရွှေရတနာဆိုင်)တို့က အပူဇော်ခံအဘိုး ဦးခွေးပု (၉၃)နှစ်အား ပူဇော်ကန်တော့စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် မေ ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ကလေးဝမြို့၊ မုံရွာမြို့၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၃ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ဒသမ၆၅လက်မ၊ ထားဝယ်မြို့တွင် ဝဒသမ၂၇လက်မနှင့် ဟုမ္မလင်းမြို့တွင် ဝဒသမ၂၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မေ ၁၂ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

တေးဂီတသံစဉ်များ ပုံမှန်နားထောင်ပါလျှင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုနိုင်

တေးဂီတသံစဉ်များကို နားထောင်ခံစားခြင်းသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း တရုတ်ဆေးသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

အကျိုးရလဒ်

အထူးသဖြင့် ဘေးဒုက္ခကြုံတွေ့ ခံစားရပြီးနောက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံရသူများ၊ လေဖြတ်ခြင်းခံရသဖြင့် ခြေလက်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်ခံရသူများအနေဖြင့် မြူးကြွသော တေးဂီတသံစဉ်များကို နေ့စဉ်သတ်မှတ်ချိန်အတွင်း နားထောင်ပေးပါက သိသာထူးခြားသော အကျိုးရလဒ်များ ခံစားရမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နှိုးကြားမှု

မြူးကြွပြီး စိတ်လှုပ်ရှားဖွယ်ရာ တေးဂီတ သံစဉ်များသည် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ် စီးဆင်းမှုကို မြန်ဆန်စေပြီး သွေးကြောနှင့် အာရုံကြောများ ရှင်သန်နိုးကြားမှုကို ထိရောက်စွာ အကျိုးပြုသည်ကို တွေ့ရှိရကြောင်း တရုတ်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ သန်စွမ်းကျန်းမာစေရန် ကိုယ်လက်လှုပ်ရှားမှုကို တေးဂီတသံစဉ်နှင့်အတူ ပြုလုပ်သင့်ကြောင်းလည်း ၎င်းတို့က အကြံပြုထားသည်။ //

မြန်မာ့အလင်း သဘာဝဘေးဖောင်ပိတ်

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၌ အပူလှိုင်းကျရောက် သေဆုံးသူ ၃၁ဦးအထိ ရှိလာ

ဩရိသ မေ ၁၁

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တွင် မေ ၁၁ရက်က အပူလှိုင်းကျရောက်ခဲ့ရာ လူ ၃၁ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

သတိပေးချက်ထုတ်ပြန်

ဩရိဿပြည်နယ် ဆပ်ဘာပူရာမြို့၌ အပူချိန် ၄၅ ဒသမ ၆ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့သဖြင့် သေဆုံးသူဦးရေ များပြားခဲ့ကြောင်း၊ အပူလှိုင်းကျရောက်မှုကြောင့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားသည်။ (အင်တာနက်)

အမေရိကန် ဗာဂျီးနီးယားပြည်နယ်၌ ရေလွှမ်း နေအိမ် ၃၀၀ ကျော် ရေလွှမ်း

ဂီလ်ဘတ် မေ ၁၁

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် မေ ၁၁ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ နေအိမ် ၃၀၀ ကျော် ရေနစ်မြုပ်ခဲ့ကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ကယ်ဆယ်ရေး

မိုးမှာအဆက်မပြတ် ဆက်တိုက် ရွာသွန်းလျက်ရှိသဖြင့် မော်တော်ယာဉ်အများအပြား ရေနစ်မြုပ်လျက်ရှိပြီး အသွားအလာ ပြတ်တောက်လျက်ရှိသည်။ ယခုအခါ ကယ်ဆယ်ရေးအဖွဲ့များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

MNL Cup (Grand Royal 2009)
ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

မေ၁၆ရက်တွင် ဖွင့်ပွဲကို ခမ်းနားထည်ဝါစွာ ကျင်းပရန် စီစဉ်ထား

ဇေယျာရွှေမြေ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C တို့ ပွဲဦးထွက်ဆုံတွေ့

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၁

မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ်သို့ ကူးပြောင်းပြီး ပထမဦးဆုံးကျင်းပပြုလုပ်မည့် **MNL Cup (Grand Royal 2009)** ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပြန်လည်ရှင်းလင်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

အမှာစကား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး International Beverages Trading Co., Ltd. & Group of Companies ၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က Title Sponsor အဖြစ် ပံ့ပိုးကူညီခွင့်ရသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသောစာနယ်ဇင်းများမှ သိလိုသည်များကို မေးမြန်းကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံF.C ပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ ဥဿာ ယူနိုက်တက်ပိုင်ရှင် ဦးအောင်မိုးကျော်၊ ရန်ကုန်ယူနိုက်တက် F.C ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ Delta United F.C ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ကမ္ဘောဇ F.C C.E.O ဦးမိုးဆန်းအောင်၊ ဇေယျာရွှေမြေ F.C C.E.O ဦးနီပေါ၊ မကွေး F.C အထွေထွေ မန်နေဂျာ ဦးသိန်းဝင်း၊ Southern Myanmar F.C မှ ဦးလှမောင်ရွှေနှင့် မြန်မာနေရှင်နယ် လိဂ်တာဝန်ခံ ဦးတင်အောင်(ဂိုး)တို့က ပြန်လည်ဖြေကြားကြသည်။

ဘောလုံးလောကတိုးတက်ရေး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "မိမိတို့အနေဖြင့် မြန်မာ့ဘောလုံး Pro စနစ်သို့ကူးပြောင်းပြီး ပထမဦးဆုံးပြိုင်ပွဲအဖြစ် MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲကို မေ ၁၆ရက်တွင် စတင် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပရိုစနစ်သို့ ကူးပြောင်းခဲ့ခြင်းမှာ မြန်မာ့ဘောလုံးလောက တိုးတက်ရေး အပြင် လက်ရွေးစင်အသင်းနှင့် ကလပ်အသင်းများ အာရှအဆင့်၊ ကမ္ဘာ့အဆင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှု ရရှိရန်ပင် ဖြစ်ကြောင်း၊ မကြာမီ စတင်ကျင်းပတော့မည့် MNL CUP ပြိုင်ပွဲတွင် ပရိသတ်များပြားစွာ လာရောက်အားပေးရန် ကြိုးပမ်းနေသကဲ့သို့ ဘောလုံးပွဲများကျင်းပမည့် သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့ကိုလည်း အဆင့်မြှင့်တင် ပြုပြင်နေကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် ခမ်းနားစွာ ဖွင့်လှစ်ရန်ရှိသလို ပြိုင်ပွဲတစ်ခုလုံး အောင်မြင်စွာ ကျင်းပနိုင်ရန်လည်း ဆောင်ရွက်နေကြောင်း၊ မေ ၁၆ရက်တွင် ကျင်းပမည့် ဖွင့်ပွဲ အခမ်းအနားကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ လာရောက်မည်ဖြစ်သလို ထိုင်းဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌလည်း တက်ရောက်မည်ဖြစ်ကြောင်း" ပြောကြားသည်။

ပြသမည်

MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲကို မေ၁၆ရက်မှ ဇူလိုင်၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အသင်းရှစ်သင်းပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုရမည်ဖြစ်သည်။ မေ ၁၆ရက်တွင် ဖွင့်ပွဲအခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပရန် စီစဉ်ထားပြီး နာမည်ကြီးတီးဝိုင်းနှင့်အတူ နာမည်ကျော် အဆိုတော်များဖြင့် ဖျော်ဖြေမှု၊ R ဇာနည်နှင့် စိုင်းစိုင်းခမ်းလှိုင်တို့၏ အထူးဖျော်ဖြေ တင်ဆက်မှု၊ နာမည်ကြီး Dancer များ၏ ဖျော်ဖြေရေးများ အပါအဝင် ကံစမ်းမဲ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ပွဲစဉ်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနေ့များတွင် ကျင်းပသွားမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေပွဲစဉ်များကို MRTV မှ Live ပြသသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ

				အချိန်	ကွင်း
Week-1					
၁၆-၅-၂၀၀၉	ဇေယျာရွှေမြေ	-	ရန်ကုန်ယူနိုက်တက်	၄ နာရီ	သုဝဏ္ဏ
၁၇-၅-၂၀၀၉	Southern Myanmar	-	ရတနာပုံ F.C	၄ နာရီ	သုဝဏ္ဏ
၁၉-၅-၂၀၀၉	Delta United	-	မကွေး F.C	၄ နာရီ	အောင်ဆန်း
၂၁-၅-၂၀၀၉	ဥဿာယူနိုက်တက်	-	ကမ္ဘောဇ F.C	၄ နာရီ	အောင်ဆန်း
Week-2					
၂၃-၅-၂၀၀၉	ဇေယျာရွှေမြေ	-	ရတနာပုံ F.C	၄ နာရီ	သုဝဏ္ဏ
၂၄-၅-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	မကွေး F.C	၄ နာရီ	သုဝဏ္ဏ
၂၆-၅-၂၀၀၉	Southern Myanmar	-	ကမ္ဘောဇ F.C	၄ နာရီ	အောင်ဆန်း
၂၈-၅-၂၀၀၉	Delta United	-	ဥဿာယူနိုက်တက်	၄ နာရီ	အောင်ဆန်း
Week-3					
၃၀-၅-၂၀၀၉	ဇေယျာရွှေမြေ	-	မကွေး F.C	၄ နာရီ	သုဝဏ္ဏ
၃၁-၅-၂၀၀၉	Southern Myanmar	-	Delta United	၄ နာရီ	သုဝဏ္ဏ
၂-၆-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	ဥဿာယူနိုက်တက်	၄ နာရီ	အောင်ဆန်း
၄-၆-၂၀၀၉	ရတနာပုံ F.C	-	ကမ္ဘောဇ F.C	၄ နာရီ	အောင်ဆန်း
Week - 4					
၆-၆-၂၀၀၉	မကွေး F.C	-	ဥဿာယူနိုက်တက်	၄ နာရီ	သုဝဏ္ဏ
၉-၆-၂၀၀၉	ရတနာပုံ F.C	-	Delta United	၄ နာရီ	အောင်ဆန်း
၁၁-၆-၂၀၀၉	ရန်ကုန်ယူနိုက်တက်	-	Southern Myanmar	၄ နာရီ	အောင်ဆန်း
Week - 5					
၁၄-၆-၂၀၀၉	မကွေး F.C	-	Southern Myanmar	၄ နာရီ	သုဝဏ္ဏ
၁၆-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	ဇေယျာရွှေမြေ	၄ နာရီ	အောင်ဆန်း
၁၈-၆-၂၀၀၉	ရတနာပုံ F.C	-	ရန်ကုန်ယူနိုက်တက်	၄ နာရီ	အောင်ဆန်း
Week-6					
၂၀-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	Southern Myanmar	၄ နာရီ	သုဝဏ္ဏ
၂၁-၆-၂၀၀၉	ကမ္ဘောဇ F.C	-	ရန်ကုန်ယူနိုက်တက်	၄ နာရီ	သုဝဏ္ဏ
၂၃-၆-၂၀၀၉	Delta United	-	ဇေယျာရွှေမြေ	၄ နာရီ	အောင်ဆန်း
၂၅-၆-၂၀၀၉	မကွေး F.C	-	ရတနာပုံ F.C	၄ နာရီ	အောင်ဆန်း
၂၆-၆-၂၀၀၉	ကမ္ဘောဇ F.C	-	ဇေယျာရွှေမြေ	၄ နာရီ	အောင်ဆန်း
Week-7					
၂၇-၆-၂၀၀၉	Delta United	-	ရန်ကုန်ယူနိုက်တက်	၄ နာရီ	သုဝဏ္ဏ
၂၈-၆-၂၀၀၉	ဥဿာယူနိုက်တက်	-	ရတနာပုံ F.C	၄ နာရီ	သုဝဏ္ဏ
၂၉-၆-၂၀၀၉	ကမ္ဘောဇ F.C	-	Delta United	၄ နာရီ	အောင်ဆန်း
၃၀-၆-၂၀၀၉	Southern Myanmar	-	ဇေယျာရွှေမြေ F.C	၄ နာရီ	အောင်ဆန်း
၁-၇-၂၀၀၉	ကမ္ဘောဇ F.C	-	မကွေး F.C	၄ နာရီ	အောင်ဆန်း
၅-၇-၂၀၀၉	ဖိုင်နယ်				သုဝဏ္ဏ

ဖြူးမြို့၌ သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကျင်းပ

ဖြူး မေ ၁၁

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းနှင့် ဖြူးမြို့နယ် ဘိုးဘွားရိပ်သာ အကျိုးဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်၍ သက်ကြီးအဘိုးအဘွား ၇၈ ဦးတို့အား ဆေးဝါးနှင့် အလှူငွေကျပ် ၄၈၀၀၀၀ ဖြင့် လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် မေ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပမည့် AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များနှင့် မေ ၂၀ ရက်တွင် အီရန်နိုင်ငံ၌ ကျင်းပမည့် AFC Champions League ပြိုင်ပွဲအုပ်စု(၁) ပွဲစဉ်ဖြစ်သည့် PIROOZI ATHLETIC (အီရန်နှင့်)Shabab(ဆော်ဒီအာရေဗျ)တို့ ပွဲစဉ်များတွင် ဒိုင်ကြီးကြပ်ရေးတာဝန် ထမ်းဆောင်မည့် ဦးထွန်းလှအောင်အား ရန်ကုန်မြို့မှ မထွက်ခွာမီတွေ့ရစဉ်။
(မြန်မာ့အလင်း)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၁

'ဗုဒ္ဓအဆုံးအမများ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှပြောကြား' သတင်းဆောင်းပါးပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၇၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် အောင်ဘာလေထီအကျွရာ အတိုးအလျှော့ မေလတွင်ပြုလုပ်၊ ရမည်းသင်းမြို့လယ်ကောင်တွင် ရွှေဆိုင်တစ်ဆိုင်ဓားပြတိုက်မှုဖြစ်၊ ဒေါက်တာအောင်ခင်ဆင့်၏ မက္ကဆီကိုမှ ဝက်တုပ်ကွေး မန်ချက်(စ)တာက ကာကွယ်ကုသရေး၊ မလေးရှားကျောက်မျက်ရတနာပြပွဲ အောက်တိုဘာတွင် ကျင်းပမည်၊ နာရေးကူညီမှုအသင်းက ဖွင့်လှစ်ထားသည့် သုခကုသိုလ်ဖြစ် ဆေးခန်း သဃ်န်းကျွန်းမြို့နယ်မှ မြောက်ဒဂုံသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်။ မြန်မာခြင်းအလှခတ်ပွဲများတွင် ဖန်ပုလင်းကွဲပေါ် ဖိနပ်မပါ ခြေဗလာသက်သက်ဖြင့် ခတ်ကစားပြလာ၊ ပြည်တွင်းမှ ပင်လယ်အပန်းဖြေစခန်းရှိ ဟိုတယ်များ မေလကုန်အထိသာဖွင့်လှစ်မည်၊ ရှားပါးအံ့ဖွယ် ခြေထောက်သုံးချောင်းနှင့် ကြက်ကလေး၊ အင်းစိန်မြို့နယ်တွင် ရန်ကုန်မြို့တော် စည်ပင်ဟန်ဆောင်ထားသူတစ်ဦး ဖမ်းဆီးမိခဲ့၊ မန္တလေးမြို့တွင် လေနီကြမ်းခေတ္တမျှမွှေ၊ မလေးရှားတွင် နိုင်ငံခြားသားအလုပ်သမားများ အရောင်းစားခံနေရ၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ တရုတ်တန်းဈေးတွင် အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားအလုပ်သမားများ အထုပ်အပိုးပိုက်၊ စင်ကာပူမှ ထွက်ပြေးလာသူ အကြမ်းဖက်သမားကို မလေးရှားတွင် ဖမ်းဆီးရမိ၊ ပျားချဉ်ရည်နှင့် အရိုးကျိုးပေါင်းရောဂါကို ကာကွယ်ကုသနိုင်၊ ဝက်ဈေးအေးနေရာမှ ဝက်တုပ်ကွေးကြောင့်ဈေးကျ၊ ပြည်တွင်းမှ သစ်သတိုးဆီများတရုတ်ကုန်သည်များက ပြိုင်ဆိုင်ဝယ်ယူနေ၊ နှစ်နှစ်အရွယ်သမီးလေးနှင့် တောဘုရင်ကျားကြီး၊ ရွှေဈေးကွက် အရောင်းအဝယ်အေးနေ၊ အာဆီယံဖျော်ဖြေရေးခရီးစဉ်ဖြင့် မြန်မာကိုယ်စားပြု အဆိုတော်နန်းဆုရတီစိုးနှင့် သဇင်တို့ မေ ၂၇ရက်နေ့ ဂျပန်ပြည်သို့သွား၊ ရတနာပုံ F.C ၏ အစုရှယ်ယာများအကြောင်း သိကောင်းစရာ၊ အမေရိကန်တို့ ဈူစစ်ပွဲပြင်ဆင်နေဟု မြောက်ကိုရီးယားစွပ်စွဲ၊ ဂျပန်နိုင်ငံတွင် A/H_1N_1) တုပ်ကွေးရောဂါစတင်ဖြစ်ပွား၊ တာလီဘန်-အယ်ကေဒါတို့အပေါ် အမေရိကန်-ပါကစ္စတန်တို့၏စစ်ပွဲ စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင်
အလှဆင်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ထူးခြားသည့် နေ့အပူချိန်

(၁၁-၅-၂၀၀၉)

ကလေးဝ	၄၄	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၄	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၃	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၃	ဒီဂရီစင်တီဂရိတ်
ပခုက္ကူ	၄၃	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၁-၅-၂၀၀၉)

ကော့သောင်း	၁ ဒသမ ၆၅	လက်မ
ထားဝယ်	၀ ဒသမ ၂၇	လက်မ
ဟုမ္မလင်း	၀ ဒသမ ၂၄	လက်မ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဖာဂူဆန်၏ဆန္ဒ

မောင်မောင်မြင့်ဆွေ ရေးသား၍ ညဏ်ဖြိုး-စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မေ ၁၁

ပရီမီယာလိဂ်ပွဲစဉ်တွေ ပြီးဆုံးတော့မှာဖြစ်လို့ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေအနေနဲ့ နောက်ဆုံးပန်းအဝင်မှာ ဖလားရယူနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်နေကြရပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၃၆)အဖြစ် မန်ယူနဲ့မန်စီးတီးတို့ မေ ၁၀ရက်က ယှဉ်ပြိုင်တဲ့ပွဲမှာ မန်ယူအတွက် စီရိုနယ်ဒိုနဲ့တီဗက်ဇ်တို့ ဂိုးတွေသွင်းယူနိုင်ခဲ့လို့ မြို့ခံမန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

စီရိုနယ်ဒို

ဒီပွဲစဉ်အပြီးမှာ မန်ယူနည်းပြ ဖာဂူဆန်က "စီရိုနယ်ဒိုရဲ့ အလွတ်တည်သောဂိုးသွင်းမှုကတော့ တကယ့်ကို အံ့သြစရာပါပဲ။ မန်ယူအသင်းအတွက် အဓိကကျတဲ့ကစားသမားဖြစ်လို့ သူ့ကို မန်ယူမှာပဲ ဆက်ပြီးရှိစေချင်ပါတယ်။ သူက တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားတစ်ဦးပါပဲ။ မန်ယူအသင်းဟာ ပြိုင်ပွဲအသီးသီးကို ဦးဆောင်နိုင်စွမ်းရှိတယ်ဆိုတဲ့ ခြေစွမ်းပြနိုင်ဖို့ စီရိုနယ်ဒိုလို ကစားသမားမျိုး ရှိထားသင့်ပါတယ်။ သူဒဏ်ရာမရအောင် လူစားလဲကစားခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ လက်ရှိဘောလုံးသမားတွေကို ထိန်းသိမ်းထားပြီး နောက်ထပ်လူငယ်တွေနဲ့ပေါင်းစပ်ကစားသွားမယ်ဆိုရင် အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းသွားနိုင်မယ်လို့ ယူဆပါတယ်" လို့ ဖာဂူဆန်ကပြောကြားလိုက်ပါတယ်။ စီရိုနယ်ဒိုဟာ မန်ယူမှာပဲ ဆက်လက်ကစားသွားမယ်လို့ ဆိုပေမယ့် လာမယ့်နွေရာသီမှာ အသင်းကပြောင်းရွှေ့ဖို့ အစီအစဉ်ရှိတယ်လို့ သတင်းတွေထွက်ပေါ်နေတာမို့ ဖာဂူဆန်က အခုလိုပြောကြားလိုက်ခြင်းဖြစ်ပါတယ်။

တီဗက်ဇ်

ဒီလိုပါပဲ မန်စီးတီးနဲ့ပွဲမှာ ဒုတိယဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး တီဗက်ဇ်နဲ့ပတ်သက်ပြီး နည်းပြဖာဂူဆန်က "တီဗက်ဇ်ဟာ မန်ယူအသင်းရဲ့ တိုက်စစ်မှူးကောင်းတစ်ဦးပါ။ အကျပ်အတည်းကြားထဲက ဂိုးရအောင်သွင်းယူပေးနိုင်တဲ့ အရည်အချင်းရှိပါတယ်။ တီဗက်ဇ်ဟာ မန်ယူအတွက် အားထားရတဲ့ တိုက်စစ်မှူးဖြစ်တာမို့ မန်ယူမှာ ဆက်လက်ကစားသွားဖို့ ကြိုးစားသွားမှာပါ။ မန်စီးတီးကို အနိုင်ရတဲ့ပွဲမှာ တီဗက်ဇ်က တာဝန်ကျေခဲ့ပါတယ်။ မန်ယူဟာချန်ပီယံလိဂ်မှာ နောက်ဆုံးဗိုလ်လုပွဲကစားရဖို့ရှိနေသလို ပရီမီယာလိဂ်ဖလား ကာကွယ်ဖို့လည်း အရေးကြီးတဲ့အချိန်ရောက်နေပါပြီ" လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။ (အင်တာနက်)

အင်္ဂလန်နည်းပြဟောင်း မက်ကလာရင် အေဂျက်စ်နည်းပြဖြစ်ရန် ရေပန်းစားနေ

လန်ဒန် မေ ၁၁

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်းစတိဗ်မက်ကလာရင်သည်အေဂျက်စ်အသင်းမှ ထွက်ခွာတော့မည့် မာကိုဗန်ဘက်စတင်၏နေရာအား လွှဲပြောင်းရယူရန် ရေပန်းစားနေကြောင်း တိုင်းမ်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မက်ကလာရင်သည် အင်္ဂလန် လက်ရွေးစင်အသင်းအား ကိုင်တွယ်နည်းပြစဉ် ၂၀၀၈ခုနှစ် ဥရောပဖလား ခြေစစ်ပွဲ မအောင်မြင်ခဲ့သည့် ရှုံးနိမ့်မှုပြီးနောက် ၎င်း၏ ဂုဏ်သိက္ခာကို ပြန်လည်အဖတ်ဆယ်သည့် အချိန်အတွင်းမှာပင် ဟော်လန်ကလပ်အသင်းအက်ဖ်စီတွမ်တီးအား ကိုင်တွယ်နည်းပြသည့် ၎င်း၏ ပထမဦးဆုံး ရာသီမှာပင် ဒတ်ချ်အီရီဒီဗီစီဖလားပြိုင်ပွဲဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်အောင်စွမ်းဆောင်နိုင်ခဲ့ပြီး ဒတ်ချ်ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ ရောက်ရှိအောင်လည်း ပို့ဆောင်နိုင်ခဲ့သည်။

အေဂျက်စ်အသင်း အမှတ်ပေးဇယား၌ တတိယနေရာတွင် ရပ်တည်ကာ ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည့်အပြင် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် တစ်နေရာပါ လက်လွတ်ဆုံးရှုံးခဲ့ရသည့်အတွက် အသက် ၄၄နှစ်အရွယ်ရှိ ဟော်လန်နည်းပြဟောင်း ဗန်ဘက်စတင်သည် အေဂျက်စ်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ယင်းနည်းပြအလုပ်ကိုလည်း ဆက်မလုပ်လိုတော့ကြောင်း ၎င်းက အခိုင်အမာ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မေ၁၀ရက်က အေဂျက်စ် အိမ်ကွင်း၌ ရာသီနောက်ဆုံးပွဲအဖြစ် အက်ဖ်စီတွမ်တီးနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဗန်ဘက်စတင်၏ လက်ထောက်နည်းပြ ဂျွန်ဗန်ရှစ်ပ်က တာဝန်ယူခဲ့သည်။ မက်ကလာရင်သည် အေဂျက်စ် နည်းပြအဖြစ် ရွေးချယ်ခံရမည့်စာရင်းတွင် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

လီဗာပူးသည် ပရီမီယာလိဂ်သရဖူနှင့် ဝေးကွာနေသည့်တိုင် အကောင်းဆုံးရပ်တည်နေဆဲဟု ဂျရတ်ဖွင့်ဟပြောကြား

လန်ဒန် မေ ၁၁

မကြာမီသော ကာလတွင် ပရီမီယာလိဂ် သရဖူကို ရယူရေး မခိုင်မာသော်လည်း လီဗာပူးအသင်းသည် အလွန်ခြေစွမ်းထက်သော အသင်းအဖြစ် ရပ်တည်နေဆဲပင်ဖြစ်ကြောင်းစတီဗင်ဂျရတ်ကပြောကြားခဲ့သည်။

မစောင့်စားလို

ယခုရာသီတွင် ပရီမီယာလိဂ်သရဖူကို ရယူနိုင်ဆဲပင်ဖြစ်ကြောင်း လီဗာပူးအသင်း ခေါင်းဆောင် ဂျရတ်က ယုံကြည်နေဆဲပင် ဖြစ်သည်။ ၁၉နှစ်ကြာ ပရီမီယာလိဂ်ဖလား မိုးခေါင်နေမှုကို အဆုံးမသတ်မီ ၎င်းအနေဖြင့် အချိန်ကြာမြင့်စွာ မစောင့်စားလိုတော့ကြောင်း ဂျရတ်က ပြောကြားသည်။

လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်သရဖူ ရရှိနိုင်လိမ့်မည်ဟု ရိုးသားစွာ မိမိယုံကြည်ကြောင်း၊ သရဖူရရှိရန် မိမိတို့လက်တစ်ကမ်းသို့ ရောက်ရှိနေပြီဟုလည်း ယုံကြည်ကြောင်း၊ အသင်းအနေဖြင့် အမှတ်များဆက်လက် မရယူနိုင်ပါက ယင်းကဲ့သို့ ပြောကြားမည်မဟုတ်ကြောင်း လီဗာပူးဘောလုံးမဂ္ဂဇင်းသို့ ပြောကြားသည်။

ဝေးနေခဲ့ရ

ကလေးဘဝကတည်းက လီဗာပူးပရိသတ်ဖြစ်ခဲ့သော ဂျရတ်သည် လွန်ခဲ့သော ခုနစ်နှစ်က ဒုတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်ကတည်းက ပရီမီယာလိဂ် သရဖူဆုဖလားနှင့် ဝေးနေခဲ့ရသည်ကို စိတ်ပျက်လျက်ရှိနေသည်။ (အင်တာနက်)

နိုင်လိုသောစိတ်ဓာတ်က အောင်မြင်မှုကို စွမ်းဆောင်နိုင် မန်ယူခံစစ်မှူး ဖာဒီနန် ဖွင့်ဟပြောကြား

လန်ဒန် မေ ၁၁

အနိုင်ယူလိုသော စိတ်ဓာတ်က မန်ယူအသင်းကို ခမ်းနားကြီးကျယ်သည့် အောင်မြင်မှုရရန် တွန်းအားပေးလိမ့်မည်ဟု ယုံကြည်ကြောင်း မန်ယူခံစစ်မှူး ဖာဒီနန်က ဖွင့်ဟပြောကြားသည်။

ကြိုးစားယှဉ်ပြိုင်မည်

မန်ယူအသင်းသည် ချန်ပီယံလိဂ် ဗိုလ်လုပွဲအဖြစ် အီတလီနိုင်ငံ ရောမမြို့ အိုလံပစ်အားကစားကွင်း၌ ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမဦးဆုံး ချန်ပီယံလိဂ်ဖလား အောင်မြင်စွာကာကွယ်နိုင်သည့် အသင်းအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်မည်ဖြစ်သည်။

ထုတ်ဖော်ပြောကြား

မိမိတို့အနေဖြင့် မန်ယူအသင်းသည် အကောင်းဆုံးဖြစ်ကြောင်းကို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် ပြသမည်ဖြစ်ကြောင်း၊ ယခုရာသီတွင် မိမိတို့အနေဖြင့် ပွဲတိုင်းအောင်ပွဲခံနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပရီမီယာလိဂ်ဖလား သုံးနှစ်ဆက်တိုက်ရရှိရေးကို အာရုံစိုက်သကဲ့သို့ ချန်ပီယံလိဂ်သရဖူ နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ရေးကိုလည်း အစွမ်းကုန် ကြိုးစားမည်ဖြစ်ကြောင်း၊ ယင်းဖလားနှစ်လုံး ဆွတ်ခူးနိုင်မှသာ မန်ယူသည် အောင်မြင်သောအသင်းအဖြစ် ရပ်တည်နိုင်ကြောင်းကို သက်သေပြနိုင်မည်ဖြစ်ကြောင်း ဖာဒီနန်က ထုတ်ဖော်ပြောကြားခဲ့သည်။ (အင်တာနက်)

အာဆင်နယ်တွင်ဆက်ကစားရေး တိုက်စစ်မှူးအဒီဘာယော ကတိပြုပြောကြား

လန်ဒန် မေ ၁၁

အဒီဘာယောသည် ရာနှုန်းပြည့် အာဆင်နယ် ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် အသင်းအား ဂုဏ်တက်စေရန် အလုပ်အကျွေးပြုမည်ဟု ကတိပြုခဲ့သည်။ သို့သော်လည်း လူငယ်များဖြင့် ဖွဲ့စည်းထားသော အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ဇယားတွင် ဦးဆောင်နိုင်စွမ်း မရှိသည်ကို အဒီဘာယောက ဝန်ခံခဲ့သည်။

ချန်ပီယံလိဂ် ချန်ပီယံ မန်ယူနှင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယကျော့တွင် ပထမပိုင်း ၁၁မိနစ်မှာပင် နှစ်ဂိုးသွင်းခံခဲ့ရသည့် သင်ခန်းစာရရှိခဲ့သော နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်း သည် ယခုအခါ ဂုဏ်ယူဝင့်ကြွားမှုထက် အရှုံးမှ သင်ခန်းစာယူကာ အားနည်းချက် များကို ပြင်ဆင်ကြိုးစားနေပြီဖြစ်သည်။

ခြေစွမ်းမပြနိုင်

ဝင်ဘလေကွင်းတွင် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ၌ ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့သည့် အာဆင်နယ်အသင်း၏ အဓိက ကစားသမားများအနက် တစ်ဦးဖြစ်သော အဒီဘာယောသည် အရေးကြီးသည့် ပွဲစဉ်များတွင် ထိထိရောက်ရောက် ခြေစွမ်းမပြနိုင်ခဲ့ပေ။

ခိုင်မာစွာယုံကြည်

သို့သော်လည်း ပြီးခဲ့သည့် နွေရာသီက အေစီမီလန်မှ ခေါ်ယူရန် စိတ်ဝင်စားကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့သည်။ အရပ် ခြောက်ပေသုံးလက်မရှိ တိုဂိုတိုက်စစ်မှူး အဒီဘာယောသည် အသင်းနှင့်၎င်းအကြား လှပသောအနာဂတ်ကို အတူတကွ ဖန်တီးနိုင်ကြမည်ဟု ခိုင်မာစွာယုံကြည်ခဲ့သည်။ သို့သော်လည်း ၎င်းသည် နောက်ထပ်စိတ်ပျက်ဖွယ် အဆုံးသတ်မှုဖြင့် ဘောလုံးရာသီကို သင်ခန်းစာယူစရာများနှင့်အတူ အဆုံးသတ်ရတော့မည်ဖြစ်သည်။

(အင်တာနက်)

အိုင်ဘီအက်ဖ်နှင့် အိုင်ဘီအို လိုက်ဟဲဗီးဝိတ်သရဖူ ရှုံးပွဲမရှိ ဒေါ်ဆန်က တာဗာအား အနိုင်ယူ

လက်စ်ဗီးဂက်စ် မေ ၁၁

ပြီးခဲ့သည့် မေ၉ရက်ညပိုင်းက အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့၌ ကျင်းပသော လက်ဝှေ့ပြိုင်ပွဲတွင် ချက်ဒ်ဒေါ်ဆန်သည် အန်တိုနီယိုတာဗာနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒိုင်လူကြီးများ၏ အမှတ်နှင့် တညီတညွတ်တည်းဆုံးဖြတ်မှုဖြင့် ၎င်း၏ အိုင်ဘီအက်ဖ်နှင့် အိုင်ဘီအို လိုက်ဟဲဗီးဝိတ်သရဖူကို ကာကွယ်နိုင်ခဲ့သည်။ ယင်းပွဲစဉ်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ထိုးသတ်ခဲ့သည့်ပွဲစဉ်ကို ထပ်မံကာ ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

ရှုံးပွဲမရှိ ဒေါ်ဆန်သည် အသက်၄၀ရှိ တာဗာ၏ ထိုးသတ်ချက်များကို အလွယ်တကူ ကာကွယ်နိုင်ခဲ့ပြီး ၎င်းတို့၏ ပြိုင်ပွဲအမှတ်များကို ဒိုင်လူကြီးသုံးဦးက ၁၁၆-၁၁၂၊ ၁၁၇-၁၁၁နှင့် ၁၁၇-၁၁၁ အသီးသီး ပေးခဲ့ကြသည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ပြိုင်ပွဲတွင်လည်း ဒေါ်ဆန်က ၁၁၈-၁၀၉၊ ၁၁၇-၁၁၀နှင့် ၁၁၇-၁၁၀ စသည့် အမှတ်အသီးသီးဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ချစ်စိုးနိုင်-စုစည်းတင်ပြသည်

တစ်ပတ်အတွင်း သဘာဝဘေးသတင်းများ

မြန်မာ့အလင်း

မေ ၄ ရက်မှ မေ ၁၀ ရက်

မေ ၄ ॥ ॥ ဖိလစ်ပိုင်နိုင်ငံ ဘီကိုလ်အရပ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ရာ ရှစ်ဦး သေဆုံးပြီး ၁၄ဦးပျောက်ဆုံးလျက်ရှိသည်။ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူတစ်သိန်းခွဲခန့် ရေဘေးဒုက္ခ ကြုံတွေ့နေရသည်။ **(အောက်ပုံ)** ကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သောစားနပ်ရိက္ခာများ ဖြန့်ဝေပေးခဲ့ရသည်။

မေ ၅ ॥ ॥ **အမေရိကန်နိုင်ငံရှိ အလာစကာမီးတောင် လှုပ်ရှားလာလျက်ရှိရာ မီးခိုးနှင့် ပြာမှုန့်များ မှုတ်ထုတ်လျက် ရှိသဖြင့် အနီးဝန်းကျင်တွင်ရှိသော နေအိမ်များ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။**

မေ ၆ ॥ ॥ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တွင် အပူလှိုင်းကျရောက်ခဲ့ရာ လူသေဆုံးမှုရှိခဲ့ကြောင်း သိရသည်။ အပူချိန် ၁၀၄ ဒီဂရီ ဖာရင်ဟိုက်အထိ ရှိခဲ့သဖြင့် သေဆုံးသူဦးရေ ခြောက်ဦးရှိခဲ့ကြောင်း အိန္ဒိယနိုင်ငံ သဘာဝ ဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မေ ၇ ॥ ॥ **ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားကာ ဒေသခံပြည်သူ ၁၄ဦး သေဆုံးခဲ့ကြောင်း၊ နေအိမ်များပျက်စီးခဲ့ကြောင်း ဘရာဇီးနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ ရေလွှမ်းမှုကြောင့် ဒေသခံ ၆၃၀၀၀ခန့် နေအိမ်များမှ ရွှေ့ပြောင်းနေထိုင်ရလျက် ရှိသည်။**

(ယာပုံ)

မေ ၈ ॥ ॥ အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးကာ ၁၁ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။ တစ်နာရီလျှင် မိုင် ၉၀နှုန်းဖြင့် တိုက်ခတ်သော မုန်တိုင်းကြောင့် ဓာတ်တိုင်များပြိုလဲကာ ဓာတ်အားကြိုးများလည်း ပြတ်တောက်ခဲ့ရသည်။

မေ ၉ ॥ ॥ **ဂွာတီမာလာနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ရှိ ငလျင်လှုပ်သွားရာ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။ သို့သော် ဆူနာမီ မဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။** (အောက်ပုံ)

တိုက်ဖွန်းမုန်တိုင်း ချန်ဟွမ်သည် ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းခြေတစ်လျှောက် ဝင်ရောက် တိုက်ခတ်ပြီးနောက် အရှေ့မြောက်ဘက်သို့ ဦးတည်ဖြတ်သန်းသွားရာ ၂၂ဦး သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံး နေကြောင်း ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

မေ ၁၀ ॥ ॥ နီပေါနိုင်ငံတောင်ပိုင်း တီရိုင်ခရိုင်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ရှစ်ဦးသေဆုံးခဲ့သည်။ ထို့အပြင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဘာရာ၊ ပါဆာနှင့် ရူတာဟက်ခရိုင်များတွင် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး နေအိမ်အများအပြား ပျက်စီးကာ လူပျောက်ဆုံးမှုရှိနေကြောင်း သိရသည်။

မောင်မောင်မြင့်ဆွေ စုစည်းတင်ပြသည်။

လောင်စာရန်ငြိုး မီးစပျိုးမိသည်၏နောက်ဝယ်....

နိုင်ငံတကာမှုခင်း

အမေရိကန်နိုင်ငံ နယူးယောက်မြို့သည် အတ္တလန္တိတ် သမုဒ္ဒရာ အနားသတ် ပင်လယ်ဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်သည်။ ထိုမြို့ကလေးတွင် လွန်ခဲ့သော ၂၀၀၇ခုနှစ်က ဂျိုဟန်နာဂျူစတင် ဂျီနစ်ချ်အမည်ရှိ ကျောင်းသူလေးနှင့် စတီဖင်ပီမော်ဂန်**(အပေါ်ပုံ)** တို့သည် နယူးယောက်တက္ကသိုလ်၌ နွေရာသီသင်တန်းတက်ရန် အမည် စာရင်းပေးသွင်းကြရင်း မျက်မှန်းတန်းမိခဲ့ကြသည်။

အသက်ရှင်ကျန်ရစ်

ဂျိုဟန်နာသည် အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ် တင်မ်နက်သ်မြို့သူဖြစ်သည်။ပညာရေးအတွက် တစ်နယ်တစ်ကျေး သို့ စွန့်စားလာရောက်ခဲ့ခြင်းဖြစ်သည်။ သူမသည် ဂျူးမိသားစုမှ ဆင်းသက်လာသူဖြစ်ပြီး သူမ၏ အဘွားသည် ဒုတိယကမ္ဘာစစ် အတွင်းက နာဇီတို့၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုရန်မှ လွတ်မြောက်ကာ အသက်ရှင်ကျန်ရစ်သူ ဖြစ်သည်။

စတီဖင်ပီမော်ဂန်သည် အမေရိကန်နိုင်ငံ မက်ဆာချူးဆက် ပြည်နယ် မာဘယ်လ်ဟက်ဒ်မြို့တွင် နေထိုင်သူဖြစ်ပြီး တစ်နယ် တစ်ကျေးသို့ လာရောက်ပညာရှာနေသူဖြစ်သည်။ မော်ဂန်သည် ဂျူးမုန်းတီးရေးသမားဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ဦး စတင် ဆုံတွေ့သည့် ၂၀၀၇ခုနှစ် ဇူလိုင်လအတွင်းမှာပင် ဂျိုဟန်နာအား အမျိုးမျိုးလိုက်လံနှောင့်ယှက်ကာ ထပ်တလဲလဲ ဆဲရေးတိုင်းထွာမှု၊ စော်ကားရန်စသည့် အီးမေးလ်များ ဂျိုဟန်နာထံပို့မှုတို့ဖြင့် မော်ဂန်တစ်ယောက် အမှုဖွင့်ခံခဲ့ရသည်။

ဂျိုဟန်နာအနေဖြင့် လမ်းပေါ်တွင်၎င်း၏ဆဲရေး တိုင်းထွာ မှုများကို သည်းမခံပါက ထိုထက်ပို၍ ပြဿနာအများအပြား ကြုံရမည်ဟု မော်ဂန်က ဂျိုဟန်နာထံ ပေးပို့သော အီးမေးလ် တစ်စောင်၌ ခြိမ်းခြောက်သတိပေးခဲ့ကြောင်း နယူးယောက် တက္ကသိုလ်ရဲက ၎င်းတို့နှစ်ဦးအားတစ်ပြိုင်တည်း တွေ့ဆုံစစ်ဆေး စဉ်တွင် ဂျိုဟန်နာက ထုတ်ဖော်အစစ်ခံခဲ့သည်။ သို့သော်လည်း ယင်းဖြစ်ရပ်ကို အရေးမယူရန် ဂျိုဟန်နာက ဆုံးဖြတ်ခဲ့သည်။ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းကပင် ဂျိုဟန်နာအဖို့ကြမ္မာဆိုးကို ဖိတ်ခေါ် ခဲ့သကဲ့သို့ ဖြစ်ရပ်မျိုးကြုံကာ အသက်နှင့်ရင်း၍ ပေးဆပ်စတေး ခဲ့ရသည်။

လေ့လာကြည့်ရှု

ဂျိုဟန်နာနှင့်မော်ဂန်တို့သည် ဝက်စလီယန်းတက္ကသိုလ် တွင် တက်ရောက်ပညာသင် ကြားနေသူများဖြစ်သည်။ သူတို့နှစ်ဦး ကြားတွင် တိုင်ချက်ဖွင့်ရသည့်အထိ ပြဿနာဖြစ်ပွားခဲ့ပြီးနောက် တရားစွဲဆိုခြင်းမပြုခဲ့ဘဲ ကျေအေးခဲ့သည့် ဂျိုဟန်နာသည် ဖြစ်ပျက် ပြီးခဲ့သော အဖြစ်အပျက်များကို ခေါင်းထဲတွင် မထားတော့ဘဲ မေ့မေ့ပျောက်ပျောက် သဘောထားကာ ပညာရေး၌သာ အာရုံ နှစ်ထားခဲ့သည်။ ပြီးခဲ့သည့် မေ ၆ရက် မွန်းလွဲ ၁နာရီခန့်တွင်မူ ဂျိုဟန်နာသည် စာအုပ်ဆိုင်ကြီးတစ်ဆိုင်၌ စာအုပ်များကိုဝယ်ယူ ရန် ဝင်ရောက်လေ့လာကြည့်ရှုနေစဉ်အတွင်း သေနတ်ဖြင့်ပစ်သတ် ခံခဲ့ရသည်။

ထုတ်ဖော်

ထို့ကြောင့် အခင်းဖြစ်ပွားရာ ယင်းစာအုပ်ဆိုင်သို့ ရဲအဖွဲ့က သွားရောက် စစ်ဆေးသောအခါ လူသတ်သမားကိုင်ဆောင်သည့် ဂျာနယ်တစ်စောင်ကို တွေ့ရှိခဲ့ရပြီး ယင်းစာစောင်တွင် ဂျိုဟန်နာ သေနတ်ဖြင့်ပစ်သတ်ခြင်းမခံရမီ ၂နာရီအလို မေ ၆ရက်နေ့စွဲဖြင့် နံနက် ၁၁နာရီ၌ ရေးသားထားသော စာကိုတွေ့ရှိခဲ့ရသည်။ အဆိုပါစာတွင် ဂျူးများကို သတ်ရမည်ဖြစ်ကြောင်း၊ စိတ်ရှိ လက်ရှိပစ်ခတ်ပြီး ဂျိုဟန်နာကို သတ်မည် ဖြစ်ကြောင်း၊ သူမ သည် သေကိုသေရမည် ဖြစ်ကြောင်း ရေးသားထားလေသည်။ ထို့အပြင် အခင်းဖြစ်ရပ်ရှိ စာအုပ်ဆိုင်၏ ကားရပ်နားရာနေရာ တွင် ကိုလိုရာဒို လိုင်စင်နံပါတ်နှင့် မော်ဂန်အမည်ဖြင့် မှတ်ပုံတင် ထားသော ၂၀၀၁ မော်ဒယ်နှစ်ဆန်းဆင်ထရာ အနီရောင်ကားကို တွေ့ရှိခဲ့ရသည်။ ယင်းကားကို ဆက်လက်စစ်ဆေးရာ ကား အတွင်း၌ တစ်ဝက်တစ်ပျက် ပွင့်လျက်ရှိသော သေတ္တာငယ် အတွင်း၌ ပစ္စတိုတစ်လက်ကို တွေ့ရှိရကြောင်း၊ ပစ္စတို ကျည်ဆန်နှစ်တောင့်ကိုလည်း တွေ့ရှိရကြောင်း၊ ဆက်လက် ကြည့်ရှုစစ်ဆေးရာ သေနတ်ပစ်ခံရမှုကြောင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိလျက် ကြမ်းပြင်ပေါ်တွင် ညည်းတွား လူးလွန့်နေသော ဂျိုဟန်နာအား တွေ့ရှိရကြောင်း၊ ဘေ့စ်ဘော ကစားရာတွင် သုံးသည့် ကက်ဦးထုပ်တစ်လုံး၊ မျက်မှန်တစ်လက်၊ လက်ဆွဲ ကွန်ပျူတာတစ်လုံးနှင့် အညိုရောင် ဆံပင်တုတို့ကို စာအုပ်ဆိုင် ကြမ်းပြင်ပေါ်တွင် တွေ့ရှိရပြီး ကျည်ဆန်ခွံခုနစ်ခု၊ နာမည်မထိုး ထားသော စာစီစာကုံးစာအုပ်တစ်အုပ်တို့ကို တွေ့ရှိခဲ့ရကြောင်း ရဲအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဝန်ခံထွက်ဆို

ရဲအဖွဲ့သည် စာအုပ်ဆိုင် ဝန်ထမ်းများကို ဆက်လက်စစ်ဆေး မေးမြန်းရာ ယင်းဆိုင်အနီးရှိ စားသောက်ဆိုင်တွင်ရှိနေသော အသက် ၂၂ နှစ်ရှိ မျက်မြင်သက်သေဖြစ်သူ ဆူဇန်ဂါဟတ်က သူမအသုပ် စားပြီး အသုပ်ဖိုးရှင်းနေစဉ် သေနတ်ပစ်သံလေး ချက်ကြားခဲ့ရကြောင်း၊ ထိုအချင်းအရာကို ကြည့်ရန် သူမ လှည့်လိုက်စဉ် လေထဲတွင် မီးခိုးများပျံ့လွင့်ပြီး စာအုပ်ဆိုင် ကြမ်းပြင်တွင် ကျည်ဆန်များ ပြန့်ကျဲနေသည်ကိုတွေ့ရကာ လူသတ်တရားခံဟုယူဆရသူကို တွေ့ရကြောင်း၊ စာအုပ်ဆိုင် ကောင်တာ၏ နောက်ရှိ အမျိုးသမီးမှာ ရပ်တည်ခြင်းငှာ မစွမ်း နိုင်တော့ဘဲ လဲကျသွားခဲ့ကြောင်း၊ တရားခံဟုယူဆရသူသည် ကောင်တာရှေ့တွင် သေနတ်ကိုင်ကာ ရပ်လျက်ရှိပြီး သူ၏ သေနတ်မှာကြမ်းပြင်သို့ ထိုးစိုက်ချိန်ထားကြောင်း ထွက်ဆိုခဲ့ သည်။ မြေအောက်ခန်းမှ ဝန်ထမ်းများကလည်း ရွှေ့လျား စက်လှေကားဆီမှ သေနတ်သံများကြားရကြောင်း၊ ထိုစဉ် သေနတ်ကိုင်ထားသောလူတစ်ဦးက ၎င်းတို့အား သေနတ်ဖြင့် ချိန်လျက် စကားမပြောရန်နှင့် ပြောပါက ပစ်ချလိုက်မည်ဟု ခြိမ်းခြောက်ကာ ကျွမ်းထိုးလျက် ခုန်ချထွက်ပြေးသွားခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ကြသည်။

ဖုန်းဆက်အကြောင်းကြား

ပြီးခဲ့သည့် မတ် ၇ရက်တွင်မူ ဂျိုဟန်နာအား သတ်မှုဖြင့် မော်ဂန်အား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ရဲအဖွဲ့က မက်ဆာချူး ဆက်ပြည်နယ် မာဘယ်လ်ဟက်ဒ်မြို့နေ မော်ဂန်၏ ဖခင် ဂျိမ်းစ်အား စစ်မေးရာ ရဲအဖွဲ့ကပြသည့် စာအုပ်ဆိုင်စစ်ဆေးရေး ကင်မရာက ရိုက်ကူးထားသော ဓာတ်ပုံသည် သူ၏သား မော်ဂန်ဖြစ်ကြောင်း၊ မော်ဂန်သည် တစ်ကိုယ်ရေသမားတစ်ဦး ဖြစ်ပြီး ဂျူးမုန်းတီးရေးသမားတစ်ဦးဖြစ်ကြောင်း၊ သူ၏ သားအား ပြီးခဲ့သည့် မေ ၅ရက်က နောက်ဆုံးတွေ့ခဲ့ပြီး သားဖြစ်သူ မော်ဂန်က ရိုဒီကျွန်းရှိ နယူးပေါ့တ်မြို့သို့ ပြောင်းရွှေ့မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း ၎င်းအားပြောကာ သူပိုင်ဆိုင်သည့်ပစ္စည်းများ အားလုံးကို ယူဆောင်ထွက်ခွာသွားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ မော်ဂန်၏အခန်းကို ရဲအဖွဲ့က ဆက်လက်ရှာဖွေရာ ကျည်ဆန် အပြည့် သေတ္တာတစ်လုံးနှင့် ပစ္စတိုအိတ်ခွံတို့ကို တွေ့ရှိခဲ့ရသည်။ ရဲအဖွဲ့သည် မေ ၇ရက် ညပိုင်းက အခင်းဖြစ်ပွားခဲ့သည့် စာအုပ် ဆိုင်မှ ၁၀မိုင်ခန့်အကွာ ကွန်နက်တီကတ်ပြည်နယ် မစ်ဒယ်လ် တောင်းမြို့ရှိ စတိုးဆိုင်အပြင်ဘက်တွင် ခေါင်း၌ဆံပင်တုတပ် ထားသော မော်ဂန်ကို လက်ရဖမ်းဆီးမိခဲ့သည်။ ထိုသို့ ဖမ်းမိခြင်း မှာ စတိုးဆိုင်စာရေးက သတင်းစာတွင် ကြေညာဝရမ်းထုတ်ထား သော မော်ဂန်၏ ရုပ်သွင်ကို မှတ်မိကာ ရဲအဖွဲ့အား ဖုန်းဆက် အကြောင်းကြားခဲ့သောကြောင့် ဖြစ်သည်။

ရေးသားဖော်ပြ

ယခုဖြစ်ရပ်တွင် မော်ဂန်သည် ၎င်း၏ မုန်းတီးရေးဝါဒ ကြောင့် အမှုဖွင့်ခံရမှုကို ထိုမျှဖြင့်မရပ်ဘဲ ရန်ငြိုးထားကာ လက်စားချေခဲ့မှုကြောင့် အပြစ်မဲ့သော ဂျိုဟန်နာဂျူစတင်ဂျီနစ်ချ် မှာ သေဆုံးခဲ့ရပြီး ပြစ်မှုကျူးလွန်သူ စတီဖင်ပီမော်ဂန် ကိုယ်တိုင် လောင်စာရန်ငြိုးကို မီးစပျိုးမိသည်၏နောက်တွင် ဘဝတစ်သက် တာအတွက် ပေးဆပ်ရတော့မည့်အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ရေးသားဖော်ပြလိုက်ရပါကြောင်း။ ॥

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

ဒီရေလှိုင်းကဲ့သို့ ကြယ်တာရာအစုအဝေးများ

အာကာသသိပ္ပံ



အာကာသသုတေသနပညာရှင်များအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀အတွင်း စကြဝဠာအပြင်ဘက်၌ ဒီရေလှိုင်းကဲ့သို့ လှုပ်ရှားနေသော ကြယ်တာရာများအပြင် ဂြိုဟ်နှင့် နက္ခတ်တာရာ ရာပေါင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ထိုသို့ ဂြိုဟ်နှင့်နက္ခတ်တာရာများ ရှာဖွေတွေ့ရှိရာတွင် အချို့ ကြယ်တာရာများသည် အလွန်ကြီးမားပြီး ဆက်လက်သုတေသနပြုရန် လိုအပ်ဆဲဖြစ်ကြောင်း။ ယင်းကြယ်တာရာများ၏ အရွယ်အစားနှင့် အရောင်အဆင်းများသည် ထူးခြားမှုများရှိနေကြောင်း သိရသည်။

အချို့သော ကြယ်တာရာများသည် ၎င်းတို့၏ကြယ်တာရာ အစု အဝေးအတွင်းမှာပင် ပေါက်ကွဲပျက်စီးလျက်ရှိကြောင်း သိရသည်။ သို့သော် အချို့ ကြယ်တာရာများမှာ တစ်ခုနှင့်တစ်ခု ပွတ်တိုက်ကာ ရွေ့လျား လျက်ရှိသည်ဟု ဆိုသည်။

သို့သော် ကြယ်တာရာ အချို့မှာမူ ဒီရေလှိုင်းကဲ့သို့ စုဖွဲ့ကာ လှိုင်းကဲ့သို့ လှုပ်ရှားနေကြကြောင်း၊ ကြယ်တာရာ ဒီရေလှိုင်းကဲ့သို့ အာကာသအတွင်း ရွေ့လျားနေကြသော ကြယ်တာရာများမှာလည်း အရေအတွက်အများအပြားရှိကြောင်း ရှာဖွေတွေ့ရှိရသည်ဟု နာဆာအာကာသ သိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ကျိုက်ထိုတောင်ပိုင်း၌ ကိုယ့်အားကိုယ်ကိုး မီးသတ်ရေသယ်ယာဉ်ပေးအပ်

ကျိုက်ထို မေ ၇

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး မီးသတ်ရေသယ်ယာဉ် ပေးအပ်ပွဲအခမ်းအနားကို မေ၅ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း**(အောက်ပုံ)**နှင့် အတွင်းရေးမှူး ဦးကျော်စိုးပိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မီးသတ် ဦးစီးမှူး ဦးတင်ထွေးက မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး မီးသတ်ရေသယ်ယာဉ်စက်များ တိုးချဲ့ရေးကိုလည်းကောင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းက မီးသတ်ရေသယ်ယာဉ် ဖြစ်မြောက်အောင် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ရပ်ကွက်အတွင်းရှိ မီးသတ်ရေသယ်ယာဉ်ဖြစ်မြောက်ရေး အလှူရှင်များမှ ရပ်ကွက်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ မီးသတ်ရေသယ်ယာဉ်အား ပေးအပ်လှူဒါန်းပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်ဝင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် မီးသတ်စက်စွမ်းရည်သရုပ်ပြခြင်းများကို ဆက်လက်ဆောင်ရွက်ရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးပစ္စည်းများ ရခိုင်ပြည်နယ်အတွက် ရောက်ရှိ

စစ်တွေ မေ ၅

ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့သော ကယ်ဆယ်ရေးရွက်ဖျင်တဲအလုံး ၁၀၀၀သည် မေ ၂၄ရက် နံနက် ၁၀နာရီက မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ဘားအံသင်္ဘောဖြင့် စစ်တွေမြို့ ဖောင်တော်ကြီးဆိပ်ကမ်းသို့ ရောက်ရှိသည်။

အဆိုပါရောက်ရှိလာသော ရွက်ဖျင်တဲများကို စစ်တွေမြို့ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးရှိ သိုလှောင်ရုံသို့ သယ်ယူပို့ဆောင်ရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်သန်း ဦးစီးသည့် တပ်မတော်သားများက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သယ်ဆောင်ကြသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို မေ ၂၇ရက်က ရွှေကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတွင် ဝန်ထမ်းများ နေထိုင်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပူဇော်ကန်တော့

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မေ ၂၅ရက်က အထက(၁)ပညာဂုဏ်ရည် ခန်းမ၌ ကျင်းပစဉ်။ (၁၇၉)

ရေဦးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ဆွေးနွေး

ရေဦး မေ ၄

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးရှင်းလင်းပွဲကို မေ ၁၀ ရက် နံနက် ၁၁ နာရီက ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းက ခိုင်မာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေး ရှင်းလင်းပွဲသို့ ရေဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် ကျေးရွာစာကြည့်တိုက်မှူးများ စုစုပေါင်းအင်အား ၈၅ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထာဝရဆေးပဒေသာပင် လှူဒါန်းပွဲ အရာတော်မြို့နယ်တွင် ကျင်းပ

အရာတော် မေ ၅

မုံရွာခရိုင် အရာတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ထာဝရဆေးပဒေသာပင် လှူဒါန်းမှု အခမ်းအနားကို မေ ၁၉ရက် နံနက် ၈နာရီက ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ထာဝရဆေးပဒေသာပင် အလှူရှင်ဖြစ်သည့် မုံရွာမြို့ ဘုရားကြီးရပ် ကမ်းနားလမ်းနေ ဦးချမ်းဆောင်-ဒေါ်စန်းမြင့်(စက်မှုလက်မှုလုပ်ငန်း) မိသားစုက အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ဆေးရုံကြီးကြပ်မှု ကော်မတီဝင်အဖွဲ့ကိုယ်စား ဦးကံထွန်းက ထာဝရဆေးပဒေသာပင်လှူဒါန်းမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် အမှတ်(၃)ရပ်ကွက် သစ်ကွင်းလမ်း ကတ္တရာခင်းခြင်း အရှည် ပေ၃၈၀၊ အကျယ် ၁၂ပေကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်အေးမြင့်ခိုင် ဆောင်ရွက်ရာသို့ မေ ၁ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မုံရွာ၌ အဆို၊ အက၊ အရေး၊ အတီး နွေရာသီ တစ်လသင်တန်းဖွင့်

မုံရွာ မေ ၄

မုံရွာခရိုင် မုံရွာမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီတစ်လသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ရက် နံနက် ၉နာရီက မုံရွာမြို့ အထက(၃)ရှိ ဂီတရသ ခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မုံရွာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မုံရွာမြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မောင်တင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီတစ်လသင်တန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖျော်ဖြေ

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး အဆိုနည်းပြဆရာ ဦးတင်နွယ်၊ အကနည်းပြဆရာဦးအောင်သန်းဌေး၊ အရေးနည်းပြဆရာ ဦးဖေငြိမ်းနှင့် အတီးနည်းပြဆရာ ဦးစိန်မောင်တင်တို့က သင်တန်းပို့ချမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အနုပညာရှင်များက အကဖြင့်ဖျော်ဖြေကြသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သောက်သုံးရေရရှိပြီး ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနားကို မေ ၁ရက်က မော်လိုက်မြို့ မင်္ဂလာလမ်း၌ ကျင်းပရာ မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မော်လိုက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်တွင်နေရာချထားမည့် ဥတ္တရသီရိမြို့ကွက်နှင့် ဒက္ခိဏသီရိမြို့ကွက်အတွက် မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော် ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့အား အောက်ပါအချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) **မြေကွက်အရွယ်အစား။** ပေ ၁၂၀×၁၂၀ မြေကွက်၊ ပေ၁၀၀×၁၀၀မြေကွက်၊ ပေ ၈၀×၈၀ မြေကွက်၊
(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်၊
(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ဆက်သွယ်ရေး၊ရေရရှိရေးနှင့်ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်၊
(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံ အစရှိသည့် လူမှုရေး အဆောက်အအုံများအပြင် စက်မှုလက်မှုဖွံ့ဖြိုးရေးဇုန်၊ အင်းဝဘဏ်နှင့် ကမ္ဘောဇဘဏ်များ ဆောက်လုပ်ပေးပြီးဖြစ်သည်။

၂။ မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များအား လိုက်နာရမည်-

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် အောက်ဖော်ပြပါနှုန်းထားအတိုင်း ငွေပေးသွင်းရမည်။
(၁) အကျယ်ပေ ၁၂၀ × ၁၂၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၄၀၊
(၂) အကျယ်ပေ ၁၀၀ × ၁၀၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀၊
(၃) အကျယ်ပေ ၈၀ × ၈၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၀၊
(ခ) အမှန်တကယ်နေထိုင်ရန်လိုအပ်ပါက မြေကွက်နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။
(ဂ) အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်။
(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာဖြစ်သဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုပါ။
(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ်(သို့မဟုတ်) နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်။
(စ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်။ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသည့် အိမ်ပုံစံကို ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။
(ဆ) သတ်မှတ်မြေကွက်တစ်ကွက်တွင် အိမ်တစ်လုံးထက်ပို၍ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ ဆောက်လုပ်ခြင်းအား ခွင့်မပြုပါ။
(ဇ) နေရာချထားပေးပြီး အနည်းဆုံးသုံးလအတွင်း အဆောက်အအုံ စတင်ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။
(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့် လျော်ကြေးမှမပေးဘဲ မြေကွက်အား ပြန်လည်သိမ်းယူမည်။
(ည) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်း မပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည်ဆိုပါက သတ်မှတ် မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့်ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့် မပြုပါ။

၃။ မြို့ကွက်သစ်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင်ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ၊
(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ဖူးခဲ့သူသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူသော်လည်းကောင်း မဖြစ်စေရ၊

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် ဖုန်းနံပါတ်-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၁၄၆၆၇၊၀၆၇-၄၁၄၂၀၂၊၀၆၇-၄၁၄၂၀၄။





ဦးထွန်းလင်းခိုင် ၉/ကပတ(နိုင်)၁၅၇၀၇၃ (ဘ) ဦးကံလှ သိစေရန်

ဦးထွန်းလင်းခိုင် (အင်ဂျင်နီယာ) သည် Grand Glory Co.,Ltd. ၏ နေပြည်တော်ဆိုက်တွင် တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းသုံးငွေများကို ပြန်လည်အပ်နှံခြင်းမရှိဘဲ လုပ်ငန်းခွင်တွင် ပျက်ကွက်လျက်ရှိပါသဖြင့် ၁-၄-၂၀၀၉ရက်မှစ၍ ကုမ္ပဏီမှထုတ်ပယ်ပြီးဖြစ်ကြောင်းနှင့် ကုမ္ပဏီပိုင်ငွေများအား ယနေ့မှစ၍ ၁၄ရက်အတွင်း ကုမ္ပဏီသို့ လာရောက် ရှင်းလင်းပေးရန် အသိပေး အကြောင်းကြားပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ
Grand Glory Co.,Ltd.

မေတ္တာရှင်အခမဲ့ဆေးကုခန်း
မကွေး ပရိယတ္တိစာသင်တိုက်

မေတ္တာရှင် အခမဲ့ဆေးကုခန်းသည် တစ်ပတ်လျှင် သောကြာ၊ စနေ၊ တနင်္ဂနွေနှင့် တနင်္လာရက်များတွင် လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့ကုသပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သဒ္ဓါကြည်လင် မေတ္တာရှင်အပေါင်းတို့သည် တစ်နေ့တာအတွက် လှူဒါန်းလိုပါလျှင် ငွေကျပ်၃၀၀၀၀၊ တစ်ပတ်စာ လှူဒါန်းလိုပါလျှင် ငွေကျပ်၁၂၀၀၀၀၊ တစ်လတာ လှူဒါန်းလိုပါလျှင် ငွေကျပ် ၄၈၀၀၀၀ဖြင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဒ္ဒန္တပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
အနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၇-၀၁၇၀၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၁၉၄၅၆ လက်ဝယ်ရှိသူဦးညွန့်မောင် ၇/ရတရ(နိုင်)၀၁၀၇၅၈က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်

၈၂-နတ်မောက်လမ်း၊ ဗဟန်းတွင် ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းကို ၁၇-၅-၂၀၀၉ရက်(တနင်္ဂနွေနေ့)မှစ၍ အပတ်စဉ် (တနင်္ဂနွေနေ့တိုင်း) နံနက် ၈း၀၀နာရီမှ ၁၀း၃၀နာရီအထိ သတ္တမတန်းအောင်ပြီးသည်မှ တက္ကသိုလ်ဝင်တန်းအထိ နှစ်တစ်ပတ်လုံး ဖွင့်လှစ်ပို့ချမည်။ ၁၁-၅-၂၀၀၉ရက် နံနက် ၈း၀၀နာရီမှစ၍ စာရင်းပေးသွင်းနိုင်ပါပြီ။ ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်(ကံတဲ)၊ မြေကွက်အမှတ် (၆၅/ဃ[၂-A])၊ ဧရိယာ ၀.၁၁၁၄၂၈၃ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ အမှတ်(၃၃)၊ အောင်ဇေယျလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်ခင်သန်းဝင်း အမည်ဖြင့်တည်ရှိပါသည်။ မြေအမည်ပေါက် ဒေါ်ခင်သန်းဝင်းနှင့် ၎င်း၏ခင်ပွန်း ဦးလှမောင်တို့ ကွယ်လွန်ပြီးနောက် သားသမီးအရင်း သုံးဦးတို့က ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၁၆၃၁/၀၁)အရ ပိုင်ဆိုင်ခဲ့ကြပြီး ၎င်းတို့၏ ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်စာ (၇၉၇၄/၀၈)ရသူ ဦးအောင်သင်း(ခ)ပိတ်ပေါင် ၁/မကတ (နိုင်)၀၀၀၁၅၄ထံမှ မိမိ၏မိတ်ဆွေက ဖော်ပြပါအိမ်မြေအား အပြီးအပိုင် ဝယ်ယူရန်အတွက်စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှုအထောက်အထားတို့နှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းစိုးထွန်း
အထက်တန်းရှေ့နေ (လစ/၁၄၈၅၁)
အမှတ်(၆၂)၊ (WINNER FIRM)
အခန်း(၁၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း၌ သဘင်ပညာရှင်များအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၁၀ ရက်က ကျင်းပရာ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြတ်အောင်နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးရဲခွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သဘင်အစည်းအရုံး)

ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

တာချီလိတ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ပူးပေါင်း၍ လူတွင် ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၉ရက်မှစတင်ကာ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)တွင် စောင့်ကြပ်ကြည့်ရှုရေးစခန်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ အဆိုပါစခန်းတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိမ်းနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစံထွန်းဝေနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်မှ ဖြတ်သန်းသွားလာကြသူများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။ (၀၁၆)

စာကြည့်တိုက်အဆောက်အအုံ

မေ ၃ရက်က ပြည်ခရိုင် ရွှေတောင်မြို့နယ် အိုးထိန်းကုန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးမြင့်တင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ခဲ့
ရရှိလာသော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအပေါ် အခြေပြု
ခေတ်မီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများနှင့်ရင်ပေါင်တန်းရပ်တည်နိုင်ရေး
အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စည်းစည်းလုံးလုံး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် မေ ၁၁

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် အရေးအရာ ကိစ္စများအားလုံးသည် နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းရမည့် ပြည်တွင်းကိစ္စရပ်များသာဖြစ်၍ ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညွတ်စွာ ကိုယ်ပိုင်စွမ်းအားနှင့် ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေခြင်းဖြစ်သည်မှာ ထင်ရှား။

ကျော်ရဲမင်း၏ ဆောင်းပါး (စာ-၈၊၉၊၁၀)

ရေလမ်းခရီးသာမက ကုန်းလမ်းခရီးပါ သွားလာနိုင်စေရေး
ရောဝတီတိုင်း အိမ်မဲချောင်းကိုဖြတ်၍ မရမ်းငူတံတားဖွင့်လှစ်ပေး

သတင်းမှတ်စု	- နုနုရီနှင့် အေးသန္တာသိန်း
စာမျက်နှာဖွဲ့စည်းမှု	- တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၁

နိုင်ငံတော်က လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်းသည် နိုင်ငံအနှံ့မှာရှိသည့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ *